# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်၊ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက်၊ သောကြာနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၀၇)


**စက်မှုစွမ်းအား ပြည်ထွန်းကား၊ ဝင့်ကြွား ခေတ်မီမြန်မာပြည် ဟူသော ဆောင်ပုဒ်အတိုင်း အမှတ်(၂) စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံ၊ အလုပ်ရုံများက ကြိုးစား အကောင်အထည်ဖော်နေ။**

## ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ

## ရတနာ-ရန်ကုန် ၂၄လက်မ ကုန်းတွင်းပိုင်း ပိုက်လိုင်းဆက်သွယ်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် လိုက်ပါလျက် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၅)လမ်းမကြီး အနီးရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၆)သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် လှိုင်သာယာ-တွံတေးတံတားလမ်း မိုင်တိုင်အမှတ်(၁/၂)အနီး၌ ရတနာ-ရန်ကုန် ၂၄လက်မ ကုန်းတွင်းပိုင်း ပိုက်လိုင်းဆက်သွယ်နေမှုကို *စာမျက်နှာ ၃ ကော်လံ ၅* ●

ဆောက်လုပ်ရေးယန္တရားများနှင့် သုံးတန်ဝန်ပင့်ယာဉ်များအတွက် စက်ပစ္စည်းအစိတ်အပိုင်းများကို ခေတ်မီစက်များဖြင့် ကျွမ်းကျင်ဝန်ထမ်းများက ဤသို့ စနစ်တကျပြုလုပ်ပေးသည်။

ဓာတ်ပုံမှတ်တမ်း - ရွှေစက်မှု၊ တင်စိုး (မြန်မာ့အလင်း)

## စက်မှုစွမ်းအား ပြည်ထွန်းကားရေး ကြိုးစားဖြည့်ဆည်းပေးနေ

## ဆောက်လုပ်ရေးယန္တရားများ ထုတ်လုပ်နေသည့်စက်ရုံ (သာဂရ) သို့ လေ့လာရေးခရီးတစ်ခေါက်


သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ

ဓာတ်ပုံမှတ်တမ်း - ရွှေစက်မှု၊ တင်စိုး (မြန်မာ့အလင်း)

စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)


နေပြည်တော် ဇန်နဝါရီ ၁၄

နိုင်ငံတစ်ဝန်း သတင်းဆောင်းပါးရေးသားရန် ခရီးများထွက်တိုင်း နေရာဒေသအနှံ့အပြား၌ လမ်းဖောက်၊ တံတားဆောက် လုပ်ငန်းခွင်များတွင် ဆောက်လုပ်ရေးစက်ယန္တရားများ အသုံးပြုနေမှုကို အမြဲမြင်တွေ့ခဲ့ရသည်။ ထိုစဉ်ကပင် တည်ဆောက်ရေးလုပ်ငန်းများအတွက် ယန္တရားများအသုံးပြုမှု တိုးတက်များပြားလာသည်ကို သတိပြုမိခဲ့သည်။ စက်မှုနိုင်ငံအဖြစ် တည်ဆောက်ရာတွင် စက်ယန္တရားများ၊ စက်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရန် လိုအပ်ကြောင်း စိတ်ထဲ စွဲစွဲထင်ထင် ရှိခဲ့သည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✳

ဆောက်လုပ်ရေးယန္တရားများ ထုတ်လုပ်နေသည့်စက်ရုံ(သာဂရ) ၏ အလုပ်ရုံကြီးများကို ဤသို့ ခံ့ထည်စွာ တွေ့မြင်ရသည်မှာ စက်မှုနိုင်ငံ တည်ဆောက်ရေးအတွက် အားတက်ဖွယ်အတိ။

ဓာတ်ပုံမှတ်တမ်း - ရွှေစက်မှု၊ တင်စိုး (မြန်မာ့အလင်း)

### နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၅ရက်)

## ဆေးလိပ်ကို ဝေးဝေးရှောင် အချိန်မနှောင်းသေး

လူသားတစ်ဦးအနေဖြင့် လူ့သက်တမ်းစေ့နေနိုင်ရေးအတွက် ကျန်းမာရေးသည် အထူးအရေးကြီးသည်။ ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကိုထိခိုက်နိုင်သဖြင့် ဆေးလိပ်သောက်ခြင်းကို ဂရုပြု ရှောင်ကြဉ်သင့်ကြသည်။

ဆေးလိပ်သောက်မှုကြောင့် နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ လေဖြတ်ရောဂါ၊ သွေးကြောကျဉ်းရောဂါ၊ အဆုတ်ရောဂါ၊ ခံတွင်းကင်ဆာရောဂါနှင့် သွားကင်ဆာရောဂါတို့ ဖြစ်ပွားနိုင်သည်။ ဆေးလိပ်သောက်ခြင်းဖြင့် အမောမခံနိုင်ခြင်း၊ ကိုယ်ခံအား လျော့နည်းကျဆင်းမှုကို လတ်တလော ခံစားရမည် ဖြစ်သည်။

ဆေးလိပ်သောက်ခြင်းသည် ဆေးလိပ်သောက်သုံးသူနှင့် အနီးတွင်ရှိသောသူများကိုပါ ဆေးလိပ်ငွေ့ ရှူရှိုက်မိခြင်းဖြင့် ရောဂါဖြစ်ပွားမှု ဖြစ်နိုင်သည်။

ယနေ့ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်သော အမျိုးသား သန်း ၉၀၀ရှိပြီး အမျိုးသမီး သန်း ၂၀၀ရှိကာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စာရင်းဇယားများအရ ဆေးလိပ်သောက်၍ သေဆုံးသူ တစ်နှစ်လျှင် ငါးသန်းခန့် ရှိနေသည်။

မြန်မာနိုင်ငံတွင် ဆေးလိပ်သောက်သုံးမှု ထိန်းချုပ်တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးထိန်းချုပ်ရေးဥပဒေကို ထုတ်ပြန်ကြေညာထားသည်။

ယင်းသို့ ထုတ်ပြန်ခဲ့ခြင်းမှာ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုကြောင့် ကျန်းမာရေးကို ထိခိုက်စေနိုင်၍ အများပြည်သူတို့ နားလည်သဘောပေါက်ပြီး ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုမှ ရှောင်ကြဉ်ရန်နှင့် ဆေးလိပ်ငွေ့ကင်းစင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးခြင်းဖြင့် အများပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်စေသည့် အန္တရာယ်မှ ကာကွယ်ရန်ပင် ဖြစ်သည်။

ကလေးသူငယ်နှင့် လူငယ်များအပါအဝင် အများပြည်သူတို့အား ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးခြင်း အလေ့အထမှ တားဆီးကာကွယ်ခြင်းဖြင့် ကျန်းမာသောလူမှုဘဝကို ရရှိစေမည်ဖြစ်သည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို ပြည်သူများအကြားတွင် သုံးစွဲခြင်းဖြင့် ကျန်းမာရေးဆိုးကျိုးများမှ ကာကွယ်ရန်အတွက် ဆေးရုံ၊ ဆေးခန်း၊ ကျောင်း၊ မော်တော်ယာဉ်များတွင် သောက်သုံးမှုမပြုရန် တားမြစ်ထားပြီး ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများ ရောဂါဘယကင်းဝေးပြီး အသက်ရှည်ကျန်းမာရန်အတွက် ဆေးလိပ်သောက်ခြင်းကို ဝေးဝေးက ရှောင်ကြဉ်သင့်ပြီး ကျန်းမာရေးနှင့်ပြည့်စုံသော နိုင်ငံ့သားကောင်း ရတနာများဖြစ်ရန် ပြုမူကျင့်ကြံနေထိုင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသား လိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြဝတီရုပ်မြင်သံကြား

၁၅-၁-၂၀၁၀ (သောကြာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | တရားတော် |
| ၇:၁၀ | ၃။ | ဓမ္မပူဇာတေး |
| ၇:၂၀ | ၄။ | မျိုးချစ်တပ်မတော် |
| ၇:၂၅ | ၅။ | မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း |
| ၇:၃၀ | ၆။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၇။ | **မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အကၢအရေးအတီးပြိုင်ပွဲ အစီအစဉ်** |
| ၇:၅၀ | ၈။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇:၅၅ | ၉။ | အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | အိုင်စီတီသုတ |
| ၄:၂၀ | ၄။ | ရင်ခုန်စီးဆင်း အချစ်သီချင်း |
| ၄:၃၅ | ၅။ | မဟာဂီတ ချိုကြည်မြ |
| ၄:၄၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅:၀၀ | ၇။ | ရင်မှာစွဲလမ်း တော်ဝင်ပန်း |
| ၅:၁၅ | ၈။ | အလွမ်းတေးပန်းချီ ချစ်သူဆီ |
| ၅:၂၀ | ၉။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅:၃၀ | ၁၀။ | သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ ပြောင်းလဲဖြစ်ပေါ်လာသော ရာသီဥတု အပိုင်း(၂) |
| ၆:၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၂၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆:၂၅ | ၁၃။ | လျှပ်တစ်ပြက် |
| ၆:၃၀ | ၁၄။ | **ရှာ** ဟာသဇာတ်လမ်းတွဲ **ဂျင်ပေါက်ထုံး** မေတ္တာ၊ ချစ်ဖွယ်၊ ဝွမ်းပုံ၊ မိုးကောင်း |
| ၆:၅၀ | ၁၅။ | စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား |
| ၇:၀၀ | ၁၆။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၃၉) |
| ၈:၀၀ | ၁၇။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၈။ | နိုင်ငံတကာသတင်း |
| | ၁၉။ | မိုးလေဝသသတင်း |
| | ၂၀။ | အမျိုးသားရေးတေးကဗျာ |
| | ၂၁။ | စိုက်ပျိုးသုတ |
| | ၂၂။ | ရှင်သန်နေသော သီချင်းများ (တေးရေး-စိုးနိုင်ထွန်း) အလွမ်း၏ခြေရာများ(အပိုင်း-၁) |
| | ၂၃။ | မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ |
| | ၂၄။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြည်နူးဖွယ်ရာပျိုကညာ** (အပိုင်း-၂) |

## စာပေဗိမာန်ထုတ် သုတပဒေသာစာစောင် ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၄

**ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေသော ၂၀၁၀ခုနှစ် ဇန်နဝါရီလထုတ် သုတပဒေသာစာစောင်အတွဲ (၃၇)၊ အမှတ်(၁)ကို ဘာသာပြန်စာပေစိတ်ဝင်စားသည့် စာဖတ်ပရိသတ်အတွက် ထုတ်ဝေဖြန့်ချိ လိုက်ပြီ ဖြစ်သည်။**

ယခုလထုတ် သုတပဒေသာ စာစောင်တွင် ပါရဂူ၊ ငွေးမောင်၊ ဒေါက်တာ ကျော်စိန်၊ မြတ်ငြိမ်း၊ တင်မောင်မြင့်၊ မောင်ပေါ်ထွန်း၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ မောင်မြင့်ကြွယ်၊ ဒေါက်တာခင်မောင်ညွန့်၊ မြသိန်း၊ အောင်ချိန်ဘွား၊ ဆောင်းဝင်းလတ်၊ ပါမောက္ခ ဒေါက်တာ မြင့်ဦး (မြန်မာစာ)၊ ဒေါက်တာ မြင့်သန်း(သန္တေသား) အငြိမ်းစား ပါမောက္ခ တစ်ဦး၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ မောင်မိုးအိမ်၊ ဖိုးရန်နိုင် (ကျောက်ကြီး)၊ မင်းကြေ့ရှိန်၊ ကေကေ (မဟာဝိဇ္ဇာ)၊ ကံမြင့် (ရေဒါ)၊ မှူးခင် (ရွှေပြည်သာ)၊ ဦးငွေသိန်း (ကုမ္ပဏီလမ်းညွှန်)၊ မောင်ကျေးဇူး၊ ကျော်စိန်ညွန့်၊ ဒေါက်တာ မိုးဆွေ၊ စိုးသီဟနောင်၊ မြတ်မင်း၊ တင်ဝင်း(အိမ်မဲ)၊ လှတိုး (စိတ်ပညာ)၊ လေးဝတီကျော်၊ မြင့်ဦးမောင်၊ ကေအက်စ်၊ မောင်လှိုင်းသစ်၊ ကျော်ရှင်း၊ တက္ကသိုလ်မောင်တံခွန်၊ ခင်စောတင့်၊ ချိုးဖြူခင်နှင့်ထက်မြက် (စမ်းချောင်း)တို့၏ ဘာသာပြန်ကဗျာ၊ ဆောင်းပါးနှင့် ဝတ္ထုများ ပါဝင်သည်။

### သုတ ရသ

အဆိုပါ သုတပဒေသာ စာစောင်တွင် သင့်စိတ်ဓာတ်ကို သင်ကိုယ်တိုင်မြှင့်တင်ပါ၊ အာရှအရှေ့ဖျား လေကြောင်းလိုင်းများ၊ ကမ္ဘာ့တန်ဖိုးအကြီးဆုံးတယော၊ ဂျပန်ရိုးရာ ငါးချဉ် စူရှီ၊ ရာဘင်ဒြာနသ်တဂိုး၏ ကဗျာသုံးပုဒ်၊ ဘာသာစကားရောသုံးခြင်း၊ ၂၁ရာစု ဆရာဝန်တစ်ဦး၏ မှတ်စုများ၊ ဝေါဟာရကြွယ်ဝပါစ၊ လကမ္ဘာပေါ်က နောက်ဆုံးခြေရာများ၊ မာကိုပိုလိုခရီးစဉ်၊ ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ကြွယ်ဝရေး၊ မြန်မာပြည်ဖွား ကမ္ဘာကျော်စာရေးဆရာမ၊ ဆန်းသစ်ဖွေရှာ ဆေးပညာ၊ ပြဿနာများနှင့် သဘာဝ၊ အဆိုးဆုံးအချိန်တွင် အကူအညီများများပေးပါ၊ ခက်ခဲကျပ်တည်းသော အချိန်မှာ စိတ်ချမ်းမြေ့စရာ၊ ဘောလုံးတစ်သန်းတန်အပြုံး၊ အက်ဖ်-၁၆ တိုက်လေယာဉ်၊ နိုင်ငံတကာသတင်းမှတ်စု၊ တက္ကသိုလ်ဆိုတာ၊ ယုံကြည်မှုအမှန်တရား၊ စစ်ပြန်ကြီးဒူရှင်၊ အိန္ဒိယပြည်၏ လူကုန်ကူးမှုလုပ်ငန်းကို တိုက်ဖျက်သူ၊ ဝေါဟာရ ဉာဏ်စမ်းပဟေဠိ၊ ခန္ဓာကိုယ် ဒြပ်ထုညွှန်းကိန်း၊ ရိက္ခာဖူလုံရေးနှင့် ဓာတ်မြေဩဇာ၊ ပျောက်ဆုံးသောကမ္ဘာ၊ ဝတ္ထုကောင်းများကို ရုပ်ရှင်ဇာတ်ကားကောင်းများ အသွင်သို့ အနုပညာဖန်တီးသူတစ်ဦး၊ တရုတ် နက္ခတ္တဗေဒပညာ စသည်တို့အပြင် လစဉ်ပါနေကျ ဟာသ၊ သတင်းသုတ၊ ထူးဆန်းထွေလာ ဤမြေကမ္ဘာ၊ ကမ္ဘာမူးယစ်ဆေးဝါး သတင်းအစရှိသော ဗဟုသုတ ဖြစ်ဖွယ်၊ သိမှတ်ဖွယ်၊ သုတ၊ ရသ အကြောင်းအရာမျိုးစုံ ပါရှိသည်။

### ဝယ်ယူနိုင်

ဇန်နဝါရီလထုတ် သုတပဒေသာ စာစောင်ကို တစ်အုပ်လျှင် ကျပ် ၈၀၀နှုန်းဖြင့် နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားဝယ်ယူလိုပါက စာပေဗိမာန် အရောင်းဌာန အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁သို့ ဆယ်သွယ်ဝယ်ယူနိုင်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိစေရေးအတွက် အဖွဲ့မှ စက်ရေတွင်းအသစ်များတူးဖော်ပေးခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အင်ဂျင်စက်များ၊ လေမှုတ်စက်များ ပြန်လည်ပြုပြင်ခြင်း၊ တွင်းပြန်လည်လေမှုတ် သန့်စင်ခြင်း၊ ရေစက်ရုံ ရေကန်များပြုပြင်ခြင်းကို ဆောင်ရွက်လျက်ရှိရာ ကံချားကျေးရွာ၌ အင်ဂျင်၊ လေမှုတ်စက်နှင့် ရေလှောင်ကန် ပြုပြင်ပြီးနောက် ရွာသူရွာသားများ ရေသုံးစွဲနေကြစဉ်။ (၀၈၆)

## ကျေးဇူးကြီးလှ မိနှင့်ဖ ဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

လူငယ်ကလေးများ ယဉ်ကျေးလိမ္မာမှုနှင့်မိဘကျေးဇူးသိတတ်ရန် ကျေးဇူးကြီးလှ မိနှင့်ဖ စာပေဟောပြောပွဲကို ဇန်နဝါရီ ၉ရက်က ကျင်းပရာ စာပေပညာရှင်များ ဖြစ်ကြသော ဦးစိန်ဝင်း (မောင်စိန်ဝင်း-ပုတီးကုန်း)၊ ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)၊ ဦးကျော်ညွန့် (ရေနံ့သာ-မောင်ကျော်ညွန့်)တို့က တိုက်ကြီးမြို့နယ် အဖျောက်မြို့ ငွေဥဒေါင်းခန်းမ၌ ဟောပြောကြသည်။

### တက်ရောက်

ယင်းဟောပြောပွဲကို သစ္စာပါရမီ လူမှုရေးအသင်းက စီစဉ်ဆောင်ရွက်ပြီး ဒေသခံအဖွဲ့အစည်းများ၊ ရပ်နီးရပ်ဝေး အဖျောက်ဇာတိ စာပေပညာရှင်များ၊ ရပ်မိရပ်ဖ မိဘပြည်သူများနှင့် ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။

### လှူဒါန်း

စာပေပညာရှင်များ ဟောပြောမှု ဖြစ်မြောက်စေရေးအတွက် အောင်စည်းဇိမ်ကျောက်မျက်ကုမ္ပဏီနှင့် Best Myanmar ကုမ္ပဏီတို့ ပူးပေါင်းစီစဉ်ခဲ့ပြီး မိဘကျေးဇူးသိတတ်စေရန် ရည်ရွယ်၍ အဖျောက်မြို့ အထက်တန်းကျောင်း ဖွံ့ဖြိုးရေးအတွက် အောင်စည်းဇိမ်ကုမ္ပဏီကငွေကျပ် တစ်သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

**အင်းစိန်မြို့နယ် မီးသတ်ရွေ့ ဈေးကုန်းအနောက် အမှတ် ၁၂၆နေ မအေးအေးလှိုင် အသက်(၂၈)နှစ်မြောက် မွေးနေ့အလှူအဖြစ် မိဘနှစ်ပါးအား အမှူးထား၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)ရပ်ကွက် အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း၊ အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးက လက်ခံယူစဉ်။**

(ကင်ဆာဖောင်ဒေးရှင်း)

## (၁၈) ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၁၄

(၁၈)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို နေပြည်တော်ရှိ အမှတ်(၇) တည်းခိုရေးစခန်း ဆင်ဖြူရှင်ခန်းမ၌ ဇန်နဝါရီ ၁၉ရက်မှ ၂၁ရက်အထိလည်းကောင်း၊ အကြိုအလုပ်ရုံဆွေးနွေးပွဲ (**Preconference Workshop**)ကို အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင် -၁၀၀၀)၌ ဇန်နဝါရီ ၁၈ရက်တွင်လည်းကောင်း ကျင်းပမည် ဖြစ်သည်။

### ဖတ်ကြားတင်သွင်း

အဆိုပါ ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင် သုတေသနစာတမ်း ၄၇စောင်၊ သုတေသနလုပ်ဆောင်ချက် ပိုစတာ ၁၉ခု၊ **Main Symposium** သုံးခု၊ **Mini Symposium** ငါးခု၊ ဆေးပညာ ပြောင်းလဲတိုးတက်မှုများနှင့်ပတ်သက်၍ ဟောပြောဆွေးနွေးမှု ခြောက်ခု၊ ကုသမှုနှင့် ရောဂါဗေဒဆိုင်ရာ ဆွေးနွေးပွဲတစ်ခု၊ ဆေးပညာအခန်းကဏ္ဍ လူနာရောဂါ အခြေအနေနှင့် ကုထုံးများဆိုင်ရာ အပိုင်းတစ်ခုတို့ကို ပြည်တွင်း၊ ပြည်ပမှ သုတေသီများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ သုတေသီများနှင့် ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူ၊ ဆေးမှူးများနှင့် သူနာပြုများက ဖတ်ကြားတင်သွင်း ဆွေးနွေးကြမည်ဖြစ်သည်။

### တက်ရောက်နိုင်

ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လိုပါက နေပြည်တော်ရှိ အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) ဖုန်း-၀၃၆-၅၁၁၁၀တွင် ဇန်နဝါရီ ၁၃ရက်မှ ၁၈ရက်အထိ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ပြီး တပ်မတော်ဆေးတက္ကသိုလ် ဖုန်း-၀၃၁-၃၅၀၆၃၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)ဖုန်း-၀၃၁-၃၅၂၄၇၊ အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)ဖုန်း-၀၃၁-၃၁၂၇၇နှင့် တပ်မတော် အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)ဖုန်း-၀၃၁-၃၅၁၀၉တို့တွင်လည်း မှတ်ပုံတင်စာရင်း ပေးသွင်းနိုင်ကြောင်းနှင့် ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များအပြင် စိတ်ပါဝင်စားသူများလည်း တက်ရောက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှိုင်သာယာ-တွံတေးတံတားလမ်းအား ကတ္တရာထပ်ပိုးလွှာခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# မြန်မာနိုင်ငံပြန်တမ်း

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးစိုးအောင်အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။**

● *ရှေ့ဖုံးမှ*

ကြည့်ရှုစစ်ဆေးပြီး လှိုင်သာယာ-တွံတေးတံတားလမ်းနှင့် ပဒါန်ရေကျော်-ခတ္တိယကျေးလက်မြေသားလမ်းဆုံသို့ ရောက်ရှိကာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စာအုပ်စာစောင်များကို ပေးအပ်သည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ တွံတေးမြို့နယ်အတွင်းရှိ ကျေးရွာများသို့ရောက်ရှိပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့က စာအုပ်စာစောင်များကို ပေးအပ်ကြသည်။

ယင်းနောက် ကျွဲဒရွက်ကျေးရွာအုပ်စုရှိ နွေစပါးများ မြေဩဇာစုပေါင်းကြဲပက်နေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ တိုင်းမှူးက စာအုပ်စာစောင်များကို ပေးအပ်သည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ကျွဲဒရွက်ချောင်းမှ နွေစပါးစိုက်ပျိုးရေးအတွက် ရေသွင်းမြောင်းဖောက်လုပ်၍ ရေပေးသွင်းနိုင်ရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တွံတေးမြို့နယ် ကသပေါင်းကျေးရွာအုပ်စု၊ အကလကျေးရွာအုပ်စု၊ မြောင်းတလုတ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၊ ခတ္တိယကျေးရွာအုပ်စုနှင့် တူးချောင်းကြီးကျေးရွာအုပ်စုများသို့ ရောက်ရှိပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ စာအုပ်စာစောင်များကိုပေးအပ်ပြီး တူးချောင်းကြီးကျေးရွာအုပ်စု၌ နွေစပါးအောင်မြင် ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးသည်။

### ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တံခွန်တိုင် လေးအိမ်စုကျေးရွာနှင့် အဒွန်းကျေးရွာအုပ်စုတို့သို့ ရောက်ရှိ၍ စာအုပ်စာစောင်များကို ပေးအပ်ကာ ရေကျော်လေးချောင်းဖျားနှင့် ကျွဲလမ်းချောင်းဖျားတို့ကို ဆက်သွယ်ဖောက်လုပ်မည့် လမ်းကြောင်း အခြေအနေနှင့် အောင်ထွန်းချောင်းတံတား ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြဂိုးကျေးရွာ မင်းပိုင်းရပ်ကွက်၌ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စာအုပ်စာစောင်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# စစ်မှုထမ်းဟောင်းများနှင့် ထူးချွန်ကျောင်းသားများအား ဝန်ကြီးဦးအောင်ကြည် ထောက်ပံ့ချီးမြှင့်ငွေပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၁၄**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီက ထောက်ပံ့ချီးမြှင့်သော မသန်စွမ်းစစ်မှုထမ်းဟောင်းများ၊ အသက် (၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းများနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော် ပျဉ်းမနား တပေါင်းပွဲခန်းမ၌ ကျင်းပသည်။

### ပေးအပ်ချီးမြှင့်

အခမ်းအနားသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ဗဟိုစစ်မှုထမ်းဟောင်းအဖွဲ့ဌာနချုပ်နှင့် တိုင်းစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြပြီး ဝန်ကြီးဦးအောင်ကြည်က အမှာစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။ **(အောက်ဝဲပုံ)**

အခမ်းအနားတွင် မသန်စွမ်းစစ်မှုထမ်းဟောင်း ၇၄ဦး၊ အသက် (၇၅)နှစ်အထက် စစ်မှုထမ်းဟောင်း ၃၂ဦး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်မိသားစုများမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရရှိသူ တစ်ဦးတို့အား စုစုပေါင်း ငွေကျပ် ၄၃၉၀၀၀၀ ထောက်ပံ့ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒုတိယဝန်ကြီးဦးမောင်မြင့် ဦးဆောင်သောအဖွဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်ပင်လယ်နယ်နိမိတ်သတ်မှတ်ရေးဆိုင်ရာ ကျွမ်းကျင်သူအဆင့်အစည်းအဝေးသို့ တက်ရောက်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၁၄**

ဇန်နဝါရီ ၈ရက်မှ ၉ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့ရှိ အဂရာဘဒ်ဟိုတယ်၌ ကျင်းပသည့် ပဉ္စမအကြိမ်မြောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် ပင်လယ်နယ်နိမိတ် သတ်မှတ်ရေးဆိုင်ရာ ကျွမ်းကျင်သူအဆင့် အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ဇန်နဝါရီ ၁၁ရက်တွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် အကြံပေးပုဂ္ဂိုလ်များ ပါဝင်သည်။ ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ်အဖွဲ့ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တွဲဖက်အတွင်းဝန် မစ္စတာခုရှရှစ်အာလမ်ဦးဆောင်သည်။

### သဘောတူညီ

အဆိုပါအစည်းအဝေးမှ နောက်တစ်ကြိမ်ကျင်းပမည့် အစည်းအဝေးကို ဧပြီလအတွင်း နှစ်ဦးနှစ်ဖက် အဆင်ပြေမည့်အချိန်၌ ကျင်းပသွားရန် သဘောတူညီခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပညာရေးစုံညီပွဲတော်

**တာမွေမြို့နယ် အမက (၁၈) ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁ရက်က ကျောင်းခန်းမ၌ကျင်းပရာ အကဖြင့် ဖျော်ဖြေပေးခဲ့သော သူငယ်တန်း(ခ)မှ ကျောင်းသူ မစန္ဒာမေမောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးဆွေက ဆုပေးအပ်စဉ်။**

(ပညာရေး)

# ပုံနှိပ်/ထုတ်ဝေလုပ်ငန်းရှင်အသင်း နှစ်ပတ်လည်အစည်းအဝေး

***ရန်ကုန် ဇန်နဝါရီ ၁၄***

*မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၏ (၂၇)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဇန်နဝါရီ ၂၃ရက် (စနေနေ့) မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် (၂၉) ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။*

*အသင်းဝင်များအားလုံး (၂၀၁၀ ခုနှစ်၌ ဝင်ရောက်သူများအပါအဝင်) ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် (နှစ်စဉ်ကြေး)မပေးသွင်းရသူများလည်း နှစ်စဉ်ကြေးများ တစ်ပါတည်းပေးသွင်းကြပါရန် အမှုဆောင်အဖွဲ့က မေတ္တာရပ်ခံ နှိုးဆော်ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။* ***(သတင်းစဉ်)***

ဒဲလ်တာယူနိုက်တက်မှ မျိုးဇော်ဦး ဂိုးရရှိရန် ဤသို့ ကြိုးစားခဲ့သော်လည်း....။
(မြန်မာ့အလင်း)

# ရတနာပုံကို ချန်ပီယံဖြစ်စေခဲ့တဲ့ ဒဲလ်တာရဲ့အရှုံး

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ-ဖိုးသော်ဇင်

**ရန်ကုန် ဇန်နဝါရီ ၁၄**

MNL အမှတ်ပေး ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် (၅၄)ကို ယနေ့ ညနေ ၄နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ ဥဿာယူနိုက်တက်အသင်းက ဒဲလ်တာယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိသွားပါတယ်။

### ဥဿာယူနိုက်တက်-တစ်ဂိုး- ဒဲလ်တာယူနိုက်တက်-ဂိုးမရှိ ရယူနိုင်ခဲ့

ဥဿာယူနိုက်တက်အသင်းကတော့ ပြိုင်ပွဲပြီးဆုံးခါနီးမှ ခြေစွမ်းတွေ ဆက်တိုက်ပြနေပြီး ပြီးခဲ့တဲ့ ပွဲတုန်းက ရန်ကုန်ယူနိုက်တက်အသင်းကို သရေကစားနိုင်ခဲ့သလို အခုပွဲမှာလည်း ချန်ပီယံ မျှော်လင့်ချက်ရှိတဲ့ ဒဲလ်တာယူနိုက်တက်ကို အနိုင်ကစားပြီး ချန်ပီယံမျှော်လင့်ချက်တွေ အဆုံးသတ်စေခဲ့ပါတယ်။ ဒဲလ်တာယူနိုက်တက်အသင်းဟာ အခုပွဲမှာသာ ဥဿာယူနိုက်တက်ကို ဂိုးပြတ်အနိုင်ရခဲ့ရင် ရတနာပုံဆီက ချန်ပီယံဆုကို မျှော်လင့်ခွင့်ရှိပေမယ့် ကစားပုံမကောင်းခဲ့သလို ဥဿာနောက်တန်းကိုလည်း မကျော်နိုင်ခဲ့တာကြောင့် အရေးနိမ့်ခဲ့ရတာဖြစ်ပါတယ်။ အဲဒါကြောင့် ထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ ရတနာပုံအသင်းဟာ ရန်ကုန်ယူနိုက်တက်နဲ့ နောက်ဆုံးကစားဖို့ ကျန်သေးပေမယ့် ရမှတ် ၂၉မှတ်နဲ့ အမှတ်ပေးချန်ပီယံဆုကို ရယူနိုင်ခဲ့ပြီဖြစ်ပါတယ်။

ဥဿာယူနိုက်တက်အသင်းကတော့ ခံစစ်ကို လုံအောင်လုပ်ပြီး ကောင်တာနဲ့ဂိုးရဖို့ ကြိုးစားခဲ့ပါတယ်။ တောင်ပံတွေက မိုင်းအိုက်နိုင်နဲ့ အောင်ကျော်ထွန်းတို့ ခြေစွမ်းပြကစားနိုင်တာကြောင့် ဥဿာယူနိုက်တက် တိုက်စစ်ထိရောက်ခဲ့ပါတယ်။ ပထမပိုင်းမှာ ဥဿာတို့ ဂိုးမရခဲ့ပေမယ့် ၅၂မိနစ်မှာတော့ အနိုင်ဂိုးရရှိခဲ့ပါတယ်။ လာအိုဆီးဂိမ်းစ်ပြိုင်ပွဲဝင် ယူ-၂၃အသင်းမှာ ပါဝင်ခဲ့တဲ့ မိုင်းအိုက်နိုင်က ခေါင်းတိုက်ပြီး သွင်းယူခဲ့တာဖြစ်ပါတယ်။

### ဒုတိယနေရာ

ဒဏ်ရာရနေတဲ့ အဲလ်မစ်ဝီလျံ၊ မင်းမင်းသူနဲ့ စိုးသီဟအောင်၊ ပွဲပယ်ခံထားရတဲ့ အောင်ကျော်မျိုးတို့က လွဲ၍ စတန်လေ၊လှအေးထွေး၊ ဗီတက်စ်၊ ဂျိမ်းတို့နဲ့ လူစုံနီးပါးပါဝင်ခဲ့ပေမယ့် ဒဲလ်တာယူနိုက်တက်ရဲ့ ကစားပုံကတော့ အားရစရာမရှိခဲ့ပါဘူး။ ဂိုးပြတ်အနိုင်ရဖို့လိုအပ်ပေမယ့် တိုက်စစ်မှာ အမှားများခဲ့တာကြောင့် ဂိုးရဖို့ ရှုန်းကန်ခဲ့ပါတယ်။ အားထားရတဲ့တိုက်စစ်မှူး စတန်လေခြေစွမ်းမပြနိုင်တာကြောင့်လည်း ဒဲလ်တာ အရေးနိမ့်ခဲ့ရတာပါ။ အခုပွဲရှုံးနိမ့်ခဲ့ပေမယ့် ဒဲလ်တာကတော့ ဒုတိယနေရာ ရရှိခဲ့ပါတယ်။

**၁၆-၁-၂၀၁၀**

**မကွေး-ကမ္ဘောဇ**

(မြန်မာ့အလင်း)

# ချစ်ကြည်ရေး အမျိုးသားဘောလီဘောပြိုင်ပွဲ မြန်မာ့လက်ရွေးစင်အသင်းက ဒုတိယပွဲထပ်မံအနိုင်ရရှိ

**ရန်ကုန် ဇန်နဝါရီ ၁၄**

မြန်မာ-ဘင်္ဂလားဒေ့ရှ်နိုင်ငံ ချစ်ကြည်ရေး အမျိုးသားဘောလီဘောပြိုင်ပွဲ၏ ဒုတိယနေ့ပြိုင်ပွဲ ပွဲစဉ်ကို ယနေ့ ညနေ ၃နာရီတွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) (သုဝဏ္ဏ)၌ ဆက်လက်ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာ့လက်ရွေးစင် အမျိုးသားဘောလီဘောအသင်း အုပ်ချုပ်သူ ဦးသိန်းဝင်း၊ အထွေထွေအတွင်းရေးမှူး နည်းပြချုပ် ဦးညီညီလွင်နှင့် အမှုဆောင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဘောလီဘောအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

### အနိုင်ရရှိ

ဒုတိယနေ့ပြိုင်ပွဲ ပွဲစဉ်တွင် မြန်မာ့လက်ရွေးစင်ဘောလီဘောအသင်းနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဘောလီဘောအသင်းတို့ယှဉ်ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင်ဘောလီဘောအသင်းက (၂၂-၂၅)မှတ်၊ (၂၅-၁၉)မှတ်၊ (၂၅-၁၆)မှတ်၊ (၂၅-၂၃)မှတ် သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိသည်။ ဒုတိယနေ့ပြိုင်ပွဲ ပွဲစဉ်၌ မြန်မာ့လက်ရွေးစင်ဘောလီဘောအသင်းတွင် မျိုးဆက်သစ် လူငယ်ဘောလီဘောအားကစားသမားများဖြစ်ကြသော မောင်ဒိုမေနီကို၊ အောင်စိုးလှိုင်၊ စောအင်ဒြူးနှင့် LABRO ကစားသမား ကျော်ခိုင်စိုးတို့အား ထည့်သွင်း ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

### ကြည့်ရှုအားပေး

ဇန်နဝါရီ ၁၆ရက် ညနေ ၃နာရီတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရေး အမျိုးသားဘောလီဘောပြိုင်ပွဲ၏ တတိယပွဲစဉ်ကို ယင်းအားကစားပြိုင်ပွဲရုံ၌ပင် ဆက်လက်ကျင်းပမည်ဖြစ်ရာ ဘောလီဘောအားကစားဝါသနာရှင်များ အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဟေတီ၌ ငလျင်ဒဏ်ခံစားရသူများအား ကနေဒါ ထောက်ပံ့ကူညီမည်

အော့တဝါ ဇန်နဝါရီ ၁၄

ဟေတီနိုင်ငံ၌ ဇန်နဝါရီ၁၂ရက်က ဖြစ်ပွားခဲ့သည့် အင်အားပြင်းငလျင်လှုပ်မှုကြောင့် ငလျင်ဒဏ်ခံစားရသည့် ပြည်သူများအတွက် ကနေဒါနိုင်ငံမှ ထောက်ပံ့ကူညီရန် အသင့်ရှိကြောင်း ကနေဒါနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး လာဝန်စီကန်နွန်၏ ပြောကြားချက်ကို (စီဘီစီ)သတင်းဌာနက ထုတ်ပြန်သည်။

### ကူညီဆောင်ရွက်

ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ဝမ်းနည်းပူဆွေးရပါကြောင်း၊ လူသားချင်းစာနာထောက်ထားမှုအရ ကနေဒါနိုင်ငံမှ ကူညီဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ကန်နွန်က ထပ်လောင်းပြောကြားသည်။

ဟေတီနိုင်ငံ၌ ငလျင်ဒဏ်အများဆုံး ခံစားကြရသည့် ဒေသ ၂၀၀အတွက် ကနေဒါနိုင်ငံမှ ရက် ၄၀အတွင်း ထောက်ပံ့ရေးပစ္စည်းများ ပေးပို့မည်ဖြစ်သည်။ အမ်အင်န်အေ၊ဆင်ဟွာ

ကနေဒါနိုင်ငံ ဗန်ကူဗာမြို့ရှိ ၂၀၁၀အိုလံပစ်အားကစားပြိုင်ပွဲအတွက် မီဒီယာစင်တာ ပြင်ဆင်ထားရှိမှုကို ဇန်နဝါရီ ၁၃ ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

## ယူအေအီး နျူကလီးယားအစီအစဉ် ကြိုတင်သတိပေးစနစ်များ တပ်ဆင်ထား

အဘူဒါဘီ ဇန်နဝါရီ ၁၄

အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး)အစိုးရအနေဖြင့် နျူကလီးယားအစီအစဉ်နှင့် စပ်လျဉ်း၍ ဘေးကင်းလုံခြုံရေးကို အလေးထားလျက်ရှိကြောင်း၊ အရေးပေါ်အခြေအနေနှင့် အခက်အခဲများကို မကြုံတွေ့စေရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာနက ဇန်နဝါရီ ၁၂ရက်တွင် ထုတ်လွှင့်သည်။

### တပ်ဆင်

ယူအေအီးအစိုးရသည် မဟာဗျူဟာမြောက် အစီအစဉ်များကို ရေးဆွဲလျက်ရှိသည့်အပြင် ပြဿနာဖြစ်ပွားပါက ဘေးအန္တရာယ်လျော့ပါးရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကြိုတင်သတိပေးစနစ်များကို တပ်ဆင်ထားပြီးဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

## အီရန်အား ပိတ်ပင်အရေးယူမည့် ခြိမ်းခြောက်မှု အီရန်နိုင်ငံခြားရေးဝန်ကြီး လက်မခံ

တီဟီရန် ဇန်နဝါရီ ၁၄

**အီရန်နိုင်ငံအနေဖြင့် ပိတ်ပင်အရေးယူခံရမှုကြောင့် ထိခိုက်နစ်နာမည့်အန္တရာယ်ရှိသည်ဆိုသောအချက်ကို အီရန်အစိုးရက လက်မခံဘဲ ငြိမ်းချမ်းသော နျူကလီးယားအစီအစဉ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာသည်။**

အီရန်နိုင်ငံသည် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)နှင့် အပြည့်အဝပူးပေါင်းကာ ယင်း၏နျူကလီးယားအစီအစဉ်ကို အစဉ်သဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ရာမင်မီမန်းပါရက်စ်က ဇန်နဝါရီ ၁၂ရက်တွင် ကျင်းပသော အပတ်စဉ်သတင်းစာရှင်းလင်းပွဲ၌ သတင်းထောက်များအား ပြောကြားသည်။

### ပိတ်ပင်

အီရန်နိုင်ငံ၏ နျူကလီးယားစွမ်းအင် အစီအစဉ်ကို နိုင်ငံရေးသဘော မရောထွေးစေသင့်ကြောင်းဖြင့်လည်း အဆိုပါပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။ အီရန်နိုင်ငံအား နောက်ထပ် အရေးယူပိတ်ပင်မှုများ ပြုလုပ်ခြင်းသည် အပြုသဘော ချဉ်းကပ်မှုဖြစ်လာမည် မဟုတ်ကြောင်းဖြင့်လည်း မီမန်းပါရက်စ်က သတိပေးလိုက်သည်။

### နစ်နာမည်

အကယ်၍ ပိတ်ပင်မည့် နည်းလမ်းကို သုံးလျှင်ဖြစ်စေ၊ အီရန်နိုင်ငံ၏ အနာဂတ်ကို ပိတ်ပင်ရန် ကြိုးစားလျှင်ဖြစ်စေ လုပ်ဆောင်သူသာ ထိခိုက်နစ်နာမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အင်တာနက်)**

**ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ စက်သုံးဆီမဲ့ သံလမ်းသွား ယာဉ်ငယ်တစ်စင်း စမ်းသပ်မောင်းနှင်နေသည်ကို တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)

## ယီမင်မြောက်ပိုင်း၌ တိုက်ပွဲများဖြစ်ဆဲ ပြည်သူများဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရ

**ဂျီနီဗာ ဇန်နဝါရီ ၁၄**

ယီမင်နိုင်ငံမြောက်ပိုင်းတွင် အစိုးရတပ်များနှင့် အယ်ဟူတီအင်အားစုများအကြား ၂၀၀၄ခုနှစ်မှစ၍ ဖြစ်ပွားခဲ့သော ပဋိပက္ခကြောင့် ပြည်သူ ၂၀၀၀၀၀ကျော် နေရာရွှေ့ပြောင်းနေကြရကြောင်း ကုလသမဂ္ဂ ပြောခွင့်ရပုဂ္ဂိုလ်က ကုလသမဂ္ဂဌာနချုပ်တွင် ဇန်နဝါရီ၁၂ရက်က ပြောကြားသည်။

### ထုတ်ဖော်ပြောကြား

ရွှေ့ပြောင်းရသည့် ပြည်သူများအတွက် နေထိုင်စရာစခန်းများ မလုံလောက်သည့်အပြင် အကူအညီပေးမည့် နိုင်ငံများလည်း လျော့နည်းလာကြောင်းဖြင့်လည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် မာတင်နီဆာကီက သတင်းထောက်များအား ထုတ်ဖော်ပြောကြားသည်။

### ထွက်ပြေးတိမ်းရှောင်

အရပ်သား ထောင်ပေါင်းများစွာတို့သည် အိမ်နီးချင်းပြည်နယ်များသို့ ထွက်ပြေးတိမ်းရှောင်နေကြရပြီး ပြင်းထန်သည့် တိုက်ပွဲများလည်း ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ကြောင်း အဆိုပါပြောရေးဆိုခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။ **(အင်တာနက်)**

**ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့ရှိ စက်ရုံတစ်ရုံအနီး၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ၁၂ ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)

## ပါကစ္စတန်တွင် ရထားနှင့်ကားတိုက်မိ ကလေးငယ်၁၂ဦးသေဆုံး

**အစ္စလမ်မာဘတ် ဇန်နဝါရီ ၁၄**

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်တွင် လူစီးရထားတစ်စင်းနှင့် ကားတစ်စီးတို့ ဇန်နဝါရီ ၁၃ရက်က တိုက်မိရာ ကလေးငယ်၁၂ဦးသေဆုံးပြီး အခြား၁၀ဦး ဒဏ်ရာရရှိကြောင်း ယင်းဒေသမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

### တိုက်မိ

ပန်ဂျပ်ပြည်နယ် မီရန်ချူနူဒေသရှိ ရထားဖြတ်ကူးရာနေရာတွင် ရထားက ကားကို တိုက်မိခဲ့သည်ဟု အမတ်တစ်ဦးဖြစ်သူ မိုဟာမက်အက်စ်လမ်ဘိုဒယ်က ပြောကြားသည်။

ကလေးငယ် ၁၀ဦး ဒဏ်ရာရရှိပြီး ၄င်းတို့အား ဒေသန္တရဆေးရုံသို့ တင်ပို့ထားသည်ဟု မီယံဖာရဒေသမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

### ပြောကြား

ယင်းဒေသတွင် ဆီးနှင်းထူထပ်စွာကျသဖြင့် ရထားမောင်းသူသည် ရထားကူးကားလမ်းပေါ်ရှိကားကို မြင်နိုင်စွမ်းမရှိသောကြောင့် မတော်တဆမှု ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်ဟု ၄င်းက ပြောကြားသည်။ **(အင်တာနက်)**

## အယ်လ်ဂျီးရီးယား တိုက်လေယာဉ်များ တိုးမြှင့်စေလွှတ်မည်

**ဆာနား ဇန်နဝါရီ ၁၄**

အယ်လ်ဂျီးရီးယားအစိုးရသည် အကြမ်းဖက်မှုနှိမ်နင်းရေးကို အရှိန်အဟုန်ဖြင့် ထိုးစစ်ဆင်ရန်အတွက် နိုင်ငံတောင်ဘက်ရှိ မာလီနိုင်ငံနှင့်မော်ရီတေးနီးယားနိုင်ငံ နယ်စပ်ဒေသများသို့ တိုက်လေယာဉ်များ တိုးမြှင့်စေလွှတ်မည်ဟု ဒေသဆိုင်ရာ သတင်းစာက ဇန်နဝါရီ ၁၂ရက်တွင် ဖော်ပြသည်။

### တည်ဆောက်

ထို့အပြင် ကြည်းတပ်နှင့်လေတပ်အခြေစိုက် စခန်းသစ်များကိုလည်း တည်ဆောက်ထားပြီးဖြစ်သည်ဟု ဆိုသည်။ **(အင်တာနက်)**

## ဘိန်းဖြူ ၂၂၈ ကီလိုဂရမ် တူရကီနယ်စပ်၌ သိမ်းဆည်းမိ

**အင်ကာရာ ဇန်နဝါရီ ၁၄**

တူရကီနိုင်ငံ အနောက်မြောက်ပိုင်း ဘူလ်ဂေးရီးယားနိုင်ငံ နယ်စပ်ဒေသ၌ ဘိန်းဖြူ ၂၂၈ကီလိုဂရမ်ကို တူရကီရဲတပ်ဖွဲ့က သိမ်းဆည်းရမိခဲ့ကြောင်း အနာတိုလီယာ သတင်းဌာနက ဇန်နဝါရီ ၁၃ရက် တွင် သတင်းထုတ်ပြန်သည်။

### ဖမ်းဆီး

အီဒီရန်ပြည်နယ် ကာပီကူလီ နယ်စပ်စစ်ဆေးရေးဂိတ်၌ ထရပ်ကားတစ်စီးအား ရပ်တန့်ရှာဖွေရာမှ မူးယစ်ဆေးဝါးများကို သိမ်းဆည်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးမှောင်ခိုမှုနှင့်ဆက်နွှယ်သူ ရှစ်ဦးကိုလည်း ဖမ်းဆီးနိုင်ခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

### တည်ရှိ

အာရှနှင့်အရှေ့အလယ်ပိုင်းဒေသများသို့ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်ရာတွင် တူရကီနိုင်ငံမှာ အဓိကကျသည့် လမ်းကြောင်း၌ တည်ရှိကြောင်း၊ ၂၀၀၈ခုနှစ်အတွင်း တူရကီလုံခြုံရေးတပ်ဖွဲ့ဝင်များက မူးယစ်တိုက်ဖျက်ရေး စစ်ဆင်ရေး ၁၅၀၀၀ ကျော်ကို ဆင်နွှဲခဲ့ပြီး ဘိန်းဖြူ ၁၅တန်ကို သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

**အာဂျင်တီးနားနိုင်ငံ ဗျူနို့အေရီစ်မြို့၌ လေပြင်းကျရောက်သဖြင့် သစ်ပင်များ ပြိုလဲနေသည်ကို ဇန်နဝါရီ ၁၂ ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)

## ဆီးရီးယားနှင့်အီရန် ပူးပေါင်းဆောင်ရွက်မှု ဒေသတွင်းပြဿနာများ ဖြေရှင်းနိုင်

**ဒမတ်စကတ် ဇန်နဝါရီ ၁၄**

ဒေသတွင်းနိုင်ငံများအနေဖြင့် ပြည်ပအင်အားကြီးနိုင်ငံများ၏ စွက်ဖက်မှုများကို တန်ပြန်နိုင်ရေးအတွက် နည်းလမ်းများ ညှိနှိုင်းရှာဖွေရန်လိုအပ်ကြောင်း ဆီးရီးယားသမ္မတဘာရှားအယ်လ်-အာဆတ်က နှိုးဆော်လိုက်သည်။

### လက်ခံတွေ့ဆုံ

အီရန်နှင့် ဆီးရီးယားနှစ်နိုင်ငံ အပြုသဘောပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းရင်ဆိုင်နေရသည့် ပြဿနာများကို ဖြေရှင်းနိုင်သည်ဟု သမ္မတအာဆတ်က အီရန်နိုင်ငံခြားရေးဝန်ကြီး မော့တာကီနှင့် ဒမတ်စကတ်၌ ဇန်နဝါရီ ၁၁ ရက်က လက်ခံတွေ့ဆုံရာတွင် ပြောကြားသည်။

### စွက်ဖက်

ဒေသတွင်းရင်ဆိုင်နေရသည့် ပြဿနာများ၏ အဓိကအကြောင်းရင်းမှာ ပြည်ပတပ်ဖွဲ့ဝင်များရောက်ရှိနေမှုနှင့် အင်အားကြီးနိုင်ငံများ၏ စွက်ဖက်မှုများကြောင့်ဖြစ်သည်ဟု မော့တာကီက ပြောကြားလိုက်သည်။

### သုံးသပ်

အစ္စရေး၏ ရန်စောင်သောမူဝါဒများကို ရင်ဆိုင်ရေးအတွက် ပါလက်စတိုင်း အုပ်စုချင်း ပြန်လည်ညီညွတ်ရန် အရေးကြီးကြောင်း ဆီးရီးယားသမ္မတ အာဆတ်နှင့် အီရန်နိုင်ငံခြားရေးဝန်ကြီး မော့တာကီတို့က သုံးသပ်ပြောကြားသည်။ **(အင်တာနက်)**

သဘာဝဘေး သတင်းအက်ဆေး

ဆွေ ရေးသားသည်

# တစ်ကမ္ဘာလုံး တုန်လှုပ်ချောက်ချားဖွယ် ဟေတီမြေငလျင် နှစ်ပေါင်း ၂၀၀ကျော်အတွင်း အဆိုးရွားဆုံးဖြစ်ပွားခဲ့

မက္ကဆီကိုစီးတီး ဇန်နဝါရီ ၁၄

ဟေတီနိုင်ငံတွင် ဇန်နဝါရီ ၁၂ရက်က အင်အားရစ်ချ်တာစကေး ၇ဒသမ၀ရှိ အလွန်အမင်းပြင်းထန်သည့် မြေငလျင်လှုပ်သွားခဲ့သည်ကို တစ်ကမ္ဘာလုံး ကြားသိတုန်လှုပ်ခဲ့ကြရသည်။ ယင်းငလျင်ကြောင့် ဟေတီနိုင်ငံတွင် မယုံကြည်နိုင်လောက်အောင် ကပ်ဆိုးဘေးဆိုးကြီး ကျရောက်ခဲ့ရသည်။

## ပျက်စီး

ထိုငလျင်ကြောင့် ဟေတီလွှတ်တော် အဆောက်အအုံပျက်စီးခဲ့ရသည်။ အကောက်ခွန်ရုံးလည်း ပျက်စီးခဲ့ရသည်။ စာသင်ကျောင်းများလည်း ပျက်စီးခဲ့ရသည်။ ဆေးရုံများလည်း ပျက်စီးခဲ့ရချေပြီ····။

ဟေတီနိုင်ငံ ငလျင်ကြောင့် အဆောက်အအုံပျက်များအကြား ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေစဉ်။

စာသင်ကျောင်းအမြောက်အမြား ပျက်စီးဆုံးရှုံးခဲ့ရသကဲ့သို့ စာသင်ကျောင်းများရှိ ကျောင်းသားနှင့် အရပ်သားအမြောက်အမြားလည်း သေဆုံးရလေသည်။

ဟေတီနိုင်ငံရှိ လမ်းများပေါ်တွင် လူသေအလောင်းချင်းထပ်နေသည်။ ပြည်သူတို့ ငိုကြွေးမြည်တမ်းသံသည်လည်း ဘ၀င်ဆိုက်မျှ ဆူညံသွားရလေပြီ။

ဟေတီနိုင်ငံ၏မြို့တော် ပို့အော်ပရင့်စ်သည်ကား သုသာန်တစ သချိုင်းပြင်ကြီးပမာ တုန်လှုပ်ချောက်ချားဖွယ် ကောင်းနေရချေ၏။

## ပြားပြား၀ပ်

အဖြူရောင်ပိန်းနေအောင် သုတ်လိမ်းခြယ်သထားသည့် ဟေတီသမ္မတကြီး ရီနီပရီမယ်၏နေအိမ်သည်လည်း မြေငလျင်ဒဏ်ကို ကြံ့ကြံ့မခံနိုင်တော့။ ပြားပြား၀ပ်ရချေသည်။

ကံကောင်းထောက်မသဖြင့် သမ္မတကြီးမှာ ဘေးမသီရန်မခဘဲ အန္တရာယ်ဆိုးမှ လွတ်မြောက်ခဲ့လေသည်။

ယင်းငလျင်သည် ဟေတီဒေသသမိုင်းတွင် နှစ်ပေါင်း ၂၀၀ကျော်ကာလအတွင်း အဆိုးရွားဆုံး တုန်လှုပ်ချောက်ချားသွားရသည့် အဖြစ်အပျက်တည်း။

ထိုငလျင်ကြောင့် လူ ၁၀၀၀၀၀ကျော် သေဆုံးကြမည်ဟုခန့်မှန်းရ၏။ သေဆုံးသူများထဲတွင် ကုလသမဂ္ဂဝန်ထမ်း ၁၆ဦးလည်းပါသေး၏။ သို့သော် ပျက်စီးဆုံးရှုံးမှု ပမာဏကိုမူ လောလောဆယ် အတိအကျမသိရသေး။

ဟေတီနိုင်ငံဆိုင်ရာ ကုလသမဂ္ဂမစ်ရှင်အကြီးအကဲ ဟေဒီအင်နာဘီနှင့် အတွင်းရေးမှူးချုပ်ဘန်ကီမွန်း၏ အထူးကိုယ်စားလှယ် လူ၀စ်ကာလိုဒါကိုစတာတို့ အပါအ၀င် ဟေတီနိုင်ငံရှိ ကုလသမဂ္ဂဝန်ထမ်း ၁၅၀ခန့်၏ အခြေအနေကိုပြောပြရန်ပင် ခက်နေပြန်ချေ၏။

အရေးအကြီးဆုံးလိုအပ်နေသည်မှာ အရေးပေါ်ရှာဖွေရေးနှင့် ကယ်ဆယ်ရေးဖြစ်နေသည်။

လောလောဆယ်တွင် တရုတ် အရေးပေါ် အကူအညီပေးရေးအဖွဲ့သည် ဟေတီမြို့တော်ကို ရောက်လာပြီ။ အမေရိကန်ပြည်ထောင်စုမှ ကယ်ဆယ်ရေးအဖွဲ့နှစ်ဖွဲ့လည်း ရှိနေပြီ။ အနီးအနားရှိ ဂွာတီလု(ပ်)နှင့် ဒိုမီနီကန် သမ္မတနိုင်ငံတို့မှ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့များလည်း ရောက်လာကြသည်။

## အမိန့်ပေး

ကယ်ဆယ်ရေး လုပ်ငန်းများအတွက် ဗဟိုအရေးပေါ်ရန်ပုံငွေအဖွဲ့မှ အမေရိကန် ဒေါ်လာ ၁၀ သန်းထုတ်ပေးရန် မိမိအမိန့်ပေးထားသည်ဟု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ပြောကြားသည်။ အမေရိကန်သမ္မတ အိုဘားမားကလည်း ဟေတီမြေငလျင်အတွက် လိုအပ်သောအစီအစဉ်များ ချမှတ်ဆောင်ရွက်သွားရန် အမိန့်ပေးထားသည်။

ဂျာမနီ၊ အီတလီ၊ ပြင်သစ်၊ ဘရာဇီး၊ ဥရောပကော်မရှင်နှင့် ဥရောပသမဂ္ဂတို့ကလည်း ဟေတီအကူအညီပေးရေးလုပ်ငန်းများ လုပ်ကိုင်ရန် စီစဉ်ဆောင်ရွက်နေပြီ။

ဟေတီနိုင်ငံတွင် လှုပ်သွားသည့် ငလျင်ဘေးအတွက် အရေးအကြီးဆုံးလိုအပ်ချက်မှာ ရှာဖွေရေးနှင့်ကယ်ဆယ်ရေးဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပြောကြားသည်။ ဩစတြေးလျနိုင်ငံက ဟေတီငလျင်ဘေးအတွက် ဩစတြေးလျဒေါ်လာ ၁၀သန်းပေးမည်ဟု ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးက ကြေညာသည်။

## ကြေညာထား

ကနေဒါနိုင်ငံကလည်း ဟေတီငလျင်ဘေးအတွက် အကူအညီအဖြစ် လောလောဆယ် ကနေဒါဒေါ်လာ ငါးသန်းပေးမည်ဟု ကြေညာထားသည်။ လက်တင်အမေရိကနိုင်ငံများကလည်း ဟေတီနိုင်ငံအတွက် သောက်သုံးရေများ၊ စားနပ်ရိက္ခာများ၊ လူသုံးကုန်ပစ္စည်းများ၊ ကယ်ဆယ်ရေးသမားများနှင့် ဆရာဝန်များကို ချက်ချင်းပို့ပေးသည်။

အိမ်ရှင်ဟေတီသမ္မတ ရီနီပရီဗယ်ကမူ ဆောက်တည်ရာမရ ဖြစ်နေသည်။ ဝမ်းနည်းကြေကွဲနေသည်။ ပြည်သူအမြောက်အမြား သေကျေပျက်စီးရခြင်းအပေါ် ရင်ထုမနာဖြစ်နေရှာသည်။ ဟေတီနိုင်ငံ၏ တိုက်တာအိုးအိမ်များ၊ ရုံးများ၊ စာသင်ကျောင်းများ၊ ဆေးရုံ ဆေးပေးခန်းများ၊ အစိုးရအဆောက်အအုံများ ပျက်စီးဆုံးရှုံးရခြင်းအပေါ် နှမြောတသ ဖြစ်နေရရှာလေသည်။ ။

(အင်တာနက်)

## သွေးလွန်တုပ်ကွေး ကြိုတင်တားဆီးကာကွယ်ရေး ရွှေပြည်သာ၌ စုပေါင်းပါဝင်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၈)ရပ်ကွက်တွင် ဇန်နဝါရီ ၁၃ရက် နံနက် ၇နာရီက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ပညာပေးဟောပြောခြင်း၊ ဆေးများခတ်ခြင်း၊ ဆေးဖျန်းခြင်း၊ ပိုးလောက်လမ်းနှိမ်နင်းခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

### စုပေါင်းဆောင်ရွက်

ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးညီညီအောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိန်လင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ၊ အမှတ်(၈)ရပ်ကွက်မှ ဥက္ကဋ္ဌနှင့် ရပ်ကွက်ပြည်သူများ စုပေါင်းပါဝင်ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ဇန်နဝါရီ ၃ရက်က အမက(၂၈) တာမွေကျောင်းခန်းမ၌ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားကျင်းပရာ ပထမတန်းတွင် ပထမဆုရရှိသော မောင်ပြည့်စုံဗိုလ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီလွင်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

# နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

## ကျူးဘားနှင့်ဆူရီနမ် နှစ်နိုင်ငံဆက်ဆံရေး ဆွေးနွေး

*ကျူးဘားနိုင်ငံခြားရေးဝန်ကြီး ဘရူနိုရိုဒရီဂူစ်ပါရီလာသည် ဆူရီနမ်နိုင်ငံခြားရေးဝန်ကြီး လိုင်ဂျီယာကရက်-ကေတီဂျက်နှင့် ဇန်နဝါရီ ၁၃ရက်က တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေးကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းကြသည်ဟု သိရသည်။ နိုင်ငံခြားရေးဝန်ကြီးနှစ်ဦးတို့သည် လောလောဆယ်ဖြစ်ပွားခဲ့သော ဟေတီငလျင်ကိစ္စကိုလည်း ဆွေးနွေးကြသည်။*

## တရုတ်၌ ဓာတ်ငွေ့အိုးပေါက်ကွဲ၊ နှစ်ဦးသေဆုံး

*တရုတ်နိုင်ငံ ကျိုကျန်းပြည်နယ်အရှေ့ပိုင်း ဝမ်ကျို့မြို့၌ ဇန်နဝါရီ ၁၃ရက်က ဓာတ်ငွေ့အိုး ပေါက်ကွဲမီးလောင်မှုကြောင့် နှစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိကာ စတုရန်းမီတာ ၁၀၀ခန့်အကျယ်အဝန်းကျင်ရှိ နေအိမ်အဆောက်အအုံများ ပျက်စီးခဲ့ရကြောင်း ဆင်ဟွာ၌ ဖော်ပြသည်။ (အပေါ်ပုံ)*

## ဟေတီသို့ ပီရူးက ရိက္ခာနှင့်ဆေးဝါးများပေးပို့မည်

*ပီရူးနိုင်ငံသည် ဟေတီကျွန်းနိုင်ငံ၌ ဇန်နဝါရီ ၁၂ရက်က ငလျင်ပြင်းလှုပ်သွားခဲ့သဖြင့် ဟေတီနိုင်ငံသို့ ရိက္ခာနှင့်ဆေးဝါး ၅၄တန်ပေးပို့မည်ဖြစ်ကြောင်း ပီရူးဝန်ကြီးချုပ် ဟာဗီးယားဗီလာစကူးက ဇန်နဝါရီ ၁၃ရက်တွင် ကြေညာသည်။*

## တရုတ် ဆောက်လုပ်ရေးပစ္စည်း ဈေးနှုန်းတက်နေ

*တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ မြို့ကြီးများရှိ ဆောက်လုပ်ရေးပစ္စည်းဈေးနှုန်းသည် ၂၀၀၉ခုနှစ် ဒီဇင်ဘာလတွင် ယခင် ၂၀၀၈ခုနှစ် ဒီဇင်ဘာလကထက် ၇ဒသမ၈ ရာခိုင်နှုန်းတိုးလာကြောင်း၊ လွန်ခဲ့သည့် နို၀င်ဘာလနှင့်နှိုင်းစာလျှင် ၁ဒသမ၅ ရာခိုင်နှုန်း မြင့်တက်လာကြောင်း တရုတ်အမျိုးသားစာရင်းအင်းဗျူရို(အင်န်ဘီအက်စ်)က ဇန်နဝါရီ ၁၄ရက်တွင် ကြေညာသည်။*

## ဟေတီငလျင်၌ ကုလသမဂ္ဂဝန်ထမ်း ၁၆ဦးသေဆုံးရ

*ဟေတီနိုင်ငံတွင် ဇန်နဝါရီ ၁၂ရက်က အင်အားပြင်းထန်သည့် မြေငလျင်လှုပ်သွားခဲ့သဖြင့် ကုလသမဂ္ဂဝန်ထမ်း ၁၆ဦး သေဆုံးသွားသည်ဟု အတည်ပြုချက်ရရှိထားကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဇန်နဝါရီ ၁၃ရက်တွင် ကုလသမဂ္ဂရုံး၌ ပြောကြားသည်။*

## ရုရှားနှင့်ပိုလန်တို့ သဘာဝဓာတ်ငွေ့ကိစ္စ ဆွေးနွေးမည်

*ပိုလန်ရေနံနှင့်သဘာဝဓာတ်ငွေ့ ကော်ပိုရေးရှင်းသည် ရုရှားသဘာဝဓာတ်ငွေ့ အော်ပရေတာဖြစ်သော ဂတ်စ်ပရွမ်အိပ်စ်ပို့နှင့် ကျင်းပဆဲ သဘာဝဓာတ်ငွေ့ ဖြန့်ဖြူးရောင်းချရေးဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ပိုလန်ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီက ဇန်နဝါရီ ၁၃ရက်တွင် ပြောကြားသည်။*

## လက်ဘနွန်၌ပေါက်ကွဲမှု ကလေးသုံးဦး ဒဏ်ရာရ

*လက်ဘနွန်နိုင်ငံတောင်ပိုင်း ဖာကီလာကျေးရွာတွင် ဇန်နဝါရီ ၁၃ရက် နံနက်ပိုင်းက ပေါက်ကွဲမှုတစ်ခုဖြစ်ပွားသဖြင့် ကျောင်းကားစောင့်နေသော ကျောင်းသား သုံးဦး ဒဏ်ရာရရှိသွားကြောင်း ဒေသတွင်းနာဟာနက်ဝက်ဘ်ဆိုက်က ဖော်ပြသည်။*

## ကုန်သဘော်နှင့် ငါးဖမ်းရေယာဉ်တိုက်မိ၊ တစ်ဦးသေဆုံး

***တရုတ်အရှေ့ပင်လယ်တွင် ကုန်သဘော်တစ်စင်းနှင့် ငါးဖမ်းစက်လှေတစ်စင်းတို့ ဇန်နဝါရီ ၁၃ရက်က တိုက်မိရာမှ တစ်ဦးသေဆုံးပြီး ငါးဦးပျောက်ဆုံးနေကြောင်း၊ ငါးဖမ်းလုပ်ငန်း၊ ပင်လယ်ရေပြင်အုပ်ချုပ်ရေးအဖွဲ့နှင့် နယ်စပ်ကာကွယ်ရေးအရာရှိများက ပျောက်ဆုံးနေသူများကို လိုက်လံရှာဖွေလျက်ရှိသည်။***

## တရုတ်၌ အအေးလွန်၍ ခြောက်ဦးသေဆုံး

*တရုတ်ပြည်သူ့သမ္မတနိုင်ငံမြောက်ပိုင်းနှင့် အရှေ့ပိုင်းတစ်ခွင်တွင် ရာသီဥတုအအေးလွန်ကဲသဖြင့် ဇန်နဝါရီ ၁၃ရက်က သေဆုံးသူဦးရေ ခြောက်ဦးအထိရှိ သွားပြီဖြစ်ကြောင်း၊ လူသန်းပေါင်းများစွာလည်း အအေးဒဏ်ခံနေကြရကြောင်း သတင်းရရှိသည်။*

## နယူးဇီလန် ဘုရင့်လေတပ်ပိုင် လေယာဉ်ပျက်ကျ

***နယူးဇီလန်နိုင်ငံ၏ ဘုရင့်လေတပ်ပိုင် စီတီ-၄ လေ့ကျင့်ရေးလေယာဉ်သည် ဇန်နဝါရီ ၁၄ရက်က ပျက်ကျသဖြင့် လေယာဉ်မှူးတစ်ဦးသေဆုံးသွားကြောင်း သတင်းရရှိသည်။ အဆိုပါစီတီ-၄ လေ့ကျင့်ရေးလေယာဉ်သည် အိုဟာကီးဒေသရှိ ယင်း၏အခြေစိုက်စခန်း၌ ပုံမှန်လေ့ကျင့်မှုများပြုလုပ်နေစဉ် ပျက်ကျသွားခြင်းဖြစ်သည်။***

*(အင်တာနက်)*

# ဒုတိယဗိုလ်ချုပ်ကြီးသာအေး နန်းယွန်းမြို့ ဖွံ့ဖြိုးတိုးတက်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၄

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဇန်နဝါရီ ၁၁ရက် နံနက်ပိုင်းတွင် နန်းယွန်းမြို့နယ်ခန်းမ၌ ဒေသဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။**

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် နန်းယွန်းမြို့ မြို့မရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း Language Lab ခန်းမ၌ ကျောင်းသားကျောင်းသူများ ဘာသာစကားဆိုင်ရာ သင်ကြားနေမှုများ၊ Computer Room ၌ ကျောင်းသားကျောင်းသူများ လေ့ကျင့်သင်ကြားနေမှုများ၊ အိမ်တွင်းမှုပညာသင်ခန်း၌ တိုင်းရင်းသူ ရိုးရာစောင်များ ရက်လုပ်နေမှုနှင့် သိုးမွေးဆွယ်တာထိုးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နန်းယွန်းမြို့မဈေးအတွင်း ရောင်းဝယ်ဖောက်ကားနေမှုကို လည်းကောင်း၊ နန်းယွန်းမြို့ ရှရရပ်ကွက်ရှိ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အခြေခံစက်ချုပ်သင်တန်းနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းတို့သို့ တက်ရောက်နေကြသည့် ဒေသခံတိုင်းရင်းသူများ၏ သင်ကြားသင်ယူနေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး **(ယာပုံ)** ကျောင်းဝင်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

## တွေ့ဆုံ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် နန်းယွန်းမြို့ ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသည့် လူနာများအား ကြည့်ရှုအားပေးကာ ဆေးရုံစတိုအတွင်း ဆေးဝါးများ သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

## တွေ့ဆုံခဲ့

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် မွန်းလွဲပိုင်းတွင် ဒေသခံ တပ်ရင်းခန်းမ၌ အရာရှိ အရာခံ/အကြပ် စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အာဟာရ၊ ဆေးဝါးပစ္စည်းနှင့် ဆေးပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၄**

စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)၌ ဆေးကုသမှုခံယူနေကြသည့် လူနာများအတွက် အာဟာရ၊ ဆေးဝါးပစ္စည်းနှင့် ဆေးပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁နာရီက အဆိုပါ ဆေးရုံကြီးခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်နာယက ဒေါ်မြသီဂီ၊ စည်းကမ်းထိန်းသိမ်းရေး အဖွဲ့ခေါင်းဆောင် ဒေါ်ဝေဝေ၊ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်) ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## လက်ခံ

အခမ်းအနားတွင် အလှူရှင်များက လူနာများအတွက် အာဟာရ၊ ဆေးဝါးပစ္စည်းနှင့် ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၁သိန်းတို့ကို ပေးအပ်လှူဒါန်းရာ **(အပေါ်ပုံ)** ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းနေအောင်က ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စိစ်မှုထမ်းဟောင်းများအား ထောက်ပံ့ပေးအပ်ပွဲကျင်းပ

**ပခုက္ကူ ဇန်နဝါရီ ၁၄**

ပခုက္ကူမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီမှ အသက် (၇၅)နှစ်ပြည့်ပြီးသူများနှင့် မသန်စွမ်းအဖွဲ့ဝင် စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ပေးအပ်ပွဲကို ဇန်နဝါရီ၃ရက် နံနက် ၉နာရီက ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကျင်းပရာ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေး ကော်မတီဝင်များ တက်ရောက်ကြသည်။

## ပေးအပ်

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးသက်ပိုင် (ငြိမ်း)က အမှာစကား ပြောကြားပြီး မသန်စွမ်းစစ်မှုထမ်းဟောင်း အဖွဲ့ဝင် ခုနစ်ဦးအတွက်တစ်ဦးလျှင် ငွေကျပ် ၆၀၀၀ စီအား ဗိုလ်ကြီးသက်ပိုင် (ငြိမ်း)က ပေးအပ်၍လည်းကောင်း၊ အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင် ခြောက်ဦးအတွက်တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀စီအား ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးကျော်ငွေးအောင် (ငြိမ်း)က လည်းကောင်း ပေးအပ်သည်။ **(ဝ၇ဝ)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# အလက(၁) တာမွေ အာစရိယပူဇော်ပွဲ

**နေပြည်တော် ဇန်နဝါရီ ၁၄**

အလက(၁) တာမွေတွင် ၁၉၅၈ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် ၆၀နှင့်အထက် (အငြိမ်းစား) ဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများအား စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ကျင်းပမည်ဖြစ်ရာ အပူဇော်ခံဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် နှိုးဆော်ထားသည်။

ပူဇော်ကန်တော့ပွဲအတွက် ကြိုတင်ဆက်သွယ်လှူဒါန်းလိုပါက ဒေါ်စိုးစိုးတင့် (ကျောင်းအုပ်ဆရာမကြီး) ဖုန်း-၅၅၄၁၇၅၊ ဒေါ်ကြည်ကြည်ဝင်း ဖုန်း-၅၅၄၁၇၅၊ ဗိုလ်မှူးထွေးစံဖြူ (ငြိမ်း) ဖုန်း-၂၉၆၄၄၅၊ ဒေါ်တင်မမနိုင် ဖုန်း-၅၅၄၃၆၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ဟေတီနိုင်ငံသို့ ကယ်ဆယ်ရေးအဖွဲ့များဆက်လက်ရောက်ရှိ ငလျင်ကြောင့် သေဆုံးသူ တစ်သိန်းခွဲခန့်ရှိမည်ဟုခန့်မှန်း

မောင်ချစ်ကြည်-စုစည်းရေးသားသည်

*ပို့အော်ပရင့်စ် ဇန်နဝါရီ ၁၄*

*ဟေတီကျွန်းနိုင်ငံတွင် အင်အားပြင်းငလျင်လှုပ်မှုဒဏ်ကြောင့် ဇန်နဝါရီ ၁၄ရက်အထိ သေဆုံးသူဦးရေမှာ ၅၀၀၀၀ကျော်မည်ဟု ဟေတီသမ္မတ ရီနီပရီဗယ်က ပြောကြားသည်။ သို့သော် နိုင်ငံတကာ ကယ်ဆယ်ရေးအဖွဲ့များကမူ ငလျင်ဒဏ်ကြောင့် သေဆုံးသူဦးရေမှာ ၁၅၀၀၀၀ခန့်ရှိမည် ဟုခန့်မှန်းထားသည်။*

*ငလျင်ဒဏ်ကြုံတွေ့ခံစားနေသည့် ဟေတီပြည်သူများအား အကူအညီပေးရန်နှင့် ပြိုကျပျက်စီးနေသော အဆောက်အအုံများအား အမြန်ဖယ်ရှားရှင်းလင်းရန် အမေရိကန်တပ်ဖွဲ့ဝင် ၃၅၀၀နှင့် မရိန်းတပ်ဖွဲ့ဝင်၂၂၀၀တို့ ဇန်နဝါရီ ၁၄ရက် မွန်းလွဲပိုင်းက ရောက်ရှိလာသည်။ ထို့အတူ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလေယာဉ်များလည်း ဟေတီနိုင်ငံ ပို့အော်ပရင့်စ်မြို့သို့ ဆိုက်ရောက်လာကြသည်။ နိုင်ငံတကာမှ ကယ်ဆယ်ရေး အဖွဲ့များတွင် အရေးပေါ်ကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းများဖြစ်သည့် ဝန်ချီစက်များ၊ မြေထိုး၊ မြေတူးစက်ယန္တရားများ၊ ဆေးဝါးပစ္စည်းများအပြင် ရွက်ဖျင်တဲများနှင့် ဆောက်လုပ်ရေးပစ္စည်းများ ပါရှိလာသည်။*

*ထိရောက်မှုမရှိ*

*ဟေတီကျွန်းနိုင်ငံတွင် ငလျင်လှုပ်ပြီး ၄၈နာရီကြာသည်အထိ ကယ်ဆယ်ရေးလုပ်ငန်းများ ထိထိရောက်ရောက် လုပ်ကိုင်နိုင်ခြင်း မရှိသေးပေ။ ဗြိတိန်နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့၌ အလွန်ကြီးမားသည့် အဆောက်အအုံ အပျက်အစီးများကို ဖယ်ရှားရန် ဝန်ချီစက်များ ယူဆောင်လာခဲ့သည်။ ကယ်ဆယ်ရေးအဖွဲ့ဝင် ဦးရေ ၅၀ပါဝင်သော တရုတ်နိုင်ငံမှ အကူအညီပေးရေးအဖွဲ့၌လည်း အနံ့ခံခွေးများ၊ ဆေးဝါးနှင့် ထောက်ပံ့ရေးပစ္စည်းများဖြင့် ရောက်ရှိလာပြီး ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေပြီ ဖြစ်သည်။*

*အကူအညီပေးမည်*

*အီးယူ၊ ကနေဒါ၊ ရုရှားနှင့် လက်တင်အမေရိကနိုင်ငံများမှ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးအဖွဲ့များလည်း ထပ်မံရောက်ရှိလာသည်။ အမေရိကနိုင်ငံများ သမိုင်းတွင် အဆိုးရွားဆုံး သဘာဝကပ်ဘေးကြီးအဖြစ် သတ်မှတ်ကာ ကမ္ဘာ့ဘဏ်မှ ဒေါ်လာ သန်း ၁၀၀ အရေးပေါ် ကူညီဟု ပြောကြားသည်။*

*ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ အစားအစာ တန်ချိန် ၁၅၀၀၀ ကို ဟေတီနိုင်ငံသို့ ပေးပို့ရန် စီစဉ်နေပြီ ဖြစ်သည်။ ထို့အတူ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့မှ ဒေါ်လာ ၁၀သန်း ထောက်ပံ့ပေးမည်ဖြစ်သည်။ ဟေတီနိုင်ငံ ပို့အော်ပရင့်စ်မြို့၌ ကြီးမားသော အဆောက်အအုံ အပျက်အစီးများအောက်မှ ပိတ်မိနေသည့် ပြည်သူများကို နိုင်ငံတကာ ကယ်ဆယ်ရေးအဖွဲ့များက ထိထိရောက်ရောက် ဖယ်ရှားကယ်ဆယ်မှု မပြုလုပ်နိုင်သေးကြောင်း အင်တာနက် သတင်း၌ ဖော်ပြသည်။* (အင်တာနက်)

# မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို) နေပြည်တော်ခရိုင် ဆေးရုံများသို့ ဆေးရုံသုံးဆေးပစ္စည်းများလှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၁၄**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီး ခုတင်(၁၀၀၀)၊ အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)၊ နေပြည်တော်ပျဉ်းမနား ပြည်သူ့ဆေးရုံခုတင်(၂၀၀)နှင့် နေပြည်တော်တပ်ကုန်း မြို့နယ်ပြည်သူ့ဆေးရုံတို့သို့ ငွေကျပ်၅၅ သိန်းတန်ဖိုးရှိ ဆေးရုံသုံးဆေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင်သက်ဆိုင်ရာဆေးရုံကြီးများ၌ ကျင်းပသည်။

## တက်ရောက်

အဆိုပါ လှူဒါန်းပွဲများသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ပေးအပ်

ရှေးဦးစွာ နံနက် ၈နာရီခွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)မှ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များသည် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)သို့ သွားရောက်၍ ဆေးရုံသုံးဆေးပစ္စည်းများကို ဆေးရုံ တပ်မှူးထံ ပေးအပ်သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များသည် နံနက် ၉နာရီတွင် နေပြည်တော်တပ်ကုန်း မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆေးရုံသုံးဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ယာယီမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ဝါဝါညွှန့်ရွှေကလည်းကောင်း၊ နံနက်၁၀နာရီတွင် နေပြည်တော်အထွေထွေရောဂါကု ဆေးရုံကြီးခုတင်(၁၀၀၀)သို့ ပေးအပ်လှူဒါန်းရာ **(ယာပုံ)**ဆေးရုံအုပ်ကြီး ဒေါက်တာသောင်းတင်ထွန်းကလည်းကောင်း၊ နံနက် ၁၁နာရီတွင် နေပြည်တော်ပျဉ်းမနား ပြည်သူ့ဆေးရုံ ခုတင်(၂၀၀)သို့ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ရွှေကလည်းကောင်းလက်ခံကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ *ကျော့ဖုံးမှ*

မြန်မာနိုင်ငံအလယ်ပိုင်း မြေလတ်ဒေသ သို့မဟုတ် အညာမြေ မိုးရွာသွန်းမှုနည်းပါးသည့် မိုးနည်းရပ်ဝန်းဒေသဖြစ်သော ပခုက္ကူမြို့သည် မကွေးတိုင်းအတွင်းရှိ ခရိုင်ငါးခရိုင် အနက်မှ ခရိုင်မြို့တစ်မြို့၊ မြို့အကျယ် အဝန်းမှာ ၁၁ဒသမ၂၄စတုရန်းမိုင်ရှိပြီး ရပ်ကွက် ၁၅ရပ်ကွက် အိမ်ခြေ ၁၇၈၀၃ရှိကာ လူဦးရေ ၁၅၇၀၀၀ ခန့်နေထိုင်သည်။

ပခုက္ကူမြို့ မြကန်သာအပန်းဖြေဥယျာဉ်တွင် ကလေးလျှောစီး ကန်ကလည်း ကလေးများအတွက် မြူးတူးပျော်ရွှင်ဖွယ်ရာ····။ (မြန်မာ့အလင်း)

## မြကန်သာ

မြန်မာ့အလင်း သတင်းအဖွဲ့သည် မကွေးတိုင်း၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ သတင်းဆောင်းပါးများရေးသားရန် ပခုက္ကူမြို့သို့ ရောက်ရှိခဲ့သည်။ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်ဝင်းက ခရိုင်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မျိုးလတ်နှင့် အတွင်းရေးမှူး ဦးဝင်းတင့်တို့က ပခုက္ကူမြို့၏ ဂုဏ်ဆောင် မြကန်သာအပန်းဖြေဥယျာဉ်၏ ဖွံ့ဖြိုးတိုးတက်မှုများလေ့လာရန် ဖိတ်ခေါ်သဖြင့် လိုက်ပါသွားကြသည်။

မြကန်သာ အပန်းဖြေဥယျာဉ်သည် ပခုက္ကူမြို့၏ အနောက်ဘက် ဆိပ်ဖြူမြို့ဘက်သွားရာ မြို့အစွန်တွင် တည်ရှိသည်။ စည်ပင်သာယာအင်ဂျင်နီယာမှူး ဦးသိန်းဇော်က မြကန်သာ အပန်းဖြေဥယျာဉ်ဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ ရှင်းပြရာ၌ "မြကန်သာ အပန်းဖြေဥယျာဉ်သည် မြေအကျယ်အဝန်း ၂၅ဒသမ၂ဧကကျယ်ဝန်းပြီး ၁၉၉၄ခုနှစ် မေလကစတင်တည်ထောင်ခဲ့ကြောင်း၊ ပခုက္ကူသည် ခရိုင်မြို့တစ်မြို့ဖြစ်ခြင်းကြောင့် အဆင့်မြင့်ပန်းဥယျာဉ်ဖြစ်လာစေရန် ရည်ရွယ်၍ သက်ဆိုင်ရာ အထက်အဖွဲ့အစည်း အဆင့်ဆင့်၏ ညွှန်ကြားမှုကို ခံယူကာ ၂၀၀၅ ခုနှစ် မေလမှစတင်၍ အဆင့်မြှင့် ပြုပြင်တိုးချဲ့ တည်ဆောက်ခြင်းလုပ်ငန်းများကို စည်ပင်သာယာမှ ဆောင်ရွက်ခဲ့ကြောင်း၊ ပန်းခြံအတွင်း ချုံနွယ်ပိတ်ပေါင်းများ၊ အလေ့ကျပေါက်နေသော ဘောစကိုင်းပင်များ ရှင်းလင်းခြင်း၊ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပန်းခြံအတွင်း အုတ်စီပတ်လမ်းများ ပြုလုပ်ခြင်း၊ လက်ရှိပျက်စီးနေသော ပန်းခြံအစိတ်အပိုင်းများကို ပြုပြင်ခြင်း၊ မြေခင်းအလှများ ပြုပြင်ခြင်းနှင့် လျှပ်စစ်မီး သွယ်တန်းခြင်းများ ဆောင်ရွက်ခဲ့ရာ ၂၀၀၅ ခုနှစ် ဩဂုတ်လ ၃၁ရက်တွင် အဆင့်မြှင့်တင် တည်ဆောက်ပြုပြင်ခြင်း လုပ်ငန်းအားလုံး ပြီးမြောက်ခဲ့ပါကြောင်း"ဖြင့် ရှင်းလင်း ပြောကြားသည်။

## ရည်ရွယ်ချက်

မြကန်သာအပန်းဖြေဥယျာဉ်အား အဆင့်မြှင့်တင် ပြန်လည်ပြုပြင်တည်ဆောက်ရခြင်း ရည်ရွယ်ချက်ကို ဆက်လက်ရှင်းပြရာ "ပခုက္ကူမြို့ကို ဧရာဝတီအနောက်မြို့တော်အဖြစ် ရည်ရွယ်၍ စိမ်းလန်းစိုပြည်ရေး၊ ပြည်သူများ စိတ်ချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်ရေး၊ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များနှင့် ကလေးသူငယ်များပါမကျန် ပျော်ရွှင်စွာ ပြေးလွှားဆော့ကစားနိုင်ရေးအတွက် လျှောစီးရေကူးကန်များ၊ စကိတ်ကွင်းများအပြင် အပန်းဖြေလာရောက်သူအားလုံး စိတ်ကြည်လင်ချမ်းမြေ့စေရန် ပန်းအလှ စိုက်ခင်းများ၊ ရေပန်းများ တည်ဆောက်ထားပါကြောင်း၊ ပန်းဥယျာဉ်ကြီး၏ သဘာဝ အလှအပများကို အပေါ်စီးမြင်ကွင်းမှ ကြည့်ရှုခံစားနိုင်ရန် ထန်းသုံးပင်မျှော်စင်ကိုလည်း ပြုလုပ်ထားပါကြောင်း၊ ပြည်သူများ စိတ်ရွှင်လန်းသည် ဆိုလျှင် စည်ပင်သာယာအဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုကို အသိအမှတ်ပြုရာ ရောက်သဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း"ဖြင့် မြန်မာ့အလင်းသို့ ပြောကြားသည်။

## စိမ်းလန်းစိုပြည်

သတင်းအဖွဲ့သည် မြကန်သာ အပန်းဖြေဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှု လေ့လာခဲ့သည်။ သတင်းအဖွဲ့ ရောက်ရှိသောနေ့မှာ တနင်္လာရုံးဖွင့်ရက်ဖြစ်ပြီး အချိန်ကလည်း နံနက်စောစော ပန်းခြံဖွင့်ခါစဖြစ်၍ အပန်းဖြေလာရောက်သူမရှိသေးပေ။ အပန်းဖြေဥယျာဉ်ကြီး တစ်ပြင်လုံး ဘယ်နေရာကြည့်ကြည့် သစ်ပင်ပန်းပင်များအပြည့် စိမ်းလန်းစိုပြည်လျက် တွေ့ရသည်။ ထင်းစည်းချိုးနေသည့် သားငယ်ကို ဖခင်ဖြစ်သူက သွန်သင်နေပုံ စည်းလုံးခြင်း ရွှေရောင်ရုပ်တုကြီးကလည်း ပန်းဥယျာဉ်ဝင်လျှင်ဝင်ချင်း တွေ့မြင်ရသည်။ စည်းလုံးခြင်း၏ အားမာန်ကို ဖော်ကျူးပြသထားခြင်းဖြစ်သည်။ သဘာဝအလျောက်ပေါက်နေသော ထန်းပင်သုံးပင်ကို ယှက်နွယ်တည်ဆောက်ထားသည့် မျှော်စင်ကလည်း ဆေးရောင်စုံ အလှအပများ ခြယ်သထား၍ အမြင်ကြည်နူးစရာ၊ ရေပန်းခြောက်ခုကလည်း အုတ်စီပတ်လမ်းဆုံတိုင်းတွင် အစီအရီ၊ ကနုတ်ပန်းအလှ စိုက်ကွက်များကလည်း မျက်စိအေးဖွယ်၊ ပန်းခြံအတွင်း ပခုက္ကူ၏ နာမည်ကြီး ဒေသထွက်ကုန်တစ်မျိုးဖြစ်သည့် သနပ်ခါး စိုက်ခင်းကလည်း အောင်အောင်မြင်မြင်၊ ကလေးများအတွက် အန္တရာယ်မဖြစ်စေရန် အစီအမံများဖြင့် တည်ဆောက်ထားသည့် လျှောစီးရေကူးကန်ကလည်း လှလှပပ၊ လူငယ်လူရွယ်များ အပန်းဖြေရင်း ကျန်းမာရေး လေ့ကျင့်ကစားဖို့ မြကန်သာစကိတ်ကွင်းကလည်း ကျယ်ကျယ်ပြန့်ပြန့်၊ ညဘက်တွင် လျှပ်စစ်မီးများ လှပဝေဆာစွာ ထွန်းညှိကြောင်းကိုလည်း သိရသည်။

## ပန်းအလှစိုက်ခင်းနှင့် ရေပန်း

မြကန်သာအပန်းဖြေဥယျာဉ်အတွင်း ကြယ်ပွင့်သဏ္ဌာန် ပန်းအလှစိုက်ခင်းနှင့် ရေပန်းကလည်း ပန်းရလျက်····။ (မြန်မာ့အလင်း)

မြကန်သာဥယျာဉ် အဝင်အဝတွင် ရေပန်းဝိုင်းကြီးက ဤသို့ ဆီးကြိုနေသည်။ (မြန်မာ့အလင်း)

## အပန်းဖြေဖွယ်

မြန်မာနိုင်ငံ၏ မြေလတ်ဒေသ အပူပိုင်းတွင် အညာမြေ၏ အိုအေစစ်လေးသဖွယ်ဖြစ်နေသော ပခုက္ကူမြို့၏ ဂုဏ်ဆောင် မြကန်သာ အပန်းဖြေဥယျာဉ်သို့ အပန်းဖြေအနားယူ လေ့လာနိုင်ပါရန် သတင်းမြင်ကွင်း လေ့လာဖိတ်ခေါ်လိုက်ရပါကြောင်း။ ။

**(မြန်မာ့အလင်း)**

ပန်းခြံအတွင်း လူငယ်လူရွယ်များ အပန်းဖြေရင်း ကျန်းမာရေးလေ့ကျင့်ကစားဖို့ မြကန်သာ စကိတ်ကွင်းက ဤသို့ ကြိုလင့်လျက်····။ (မြန်မာ့အလင်း)

**အပန်းဖြေ လာရောက်သူအားလုံး စိတ်ကြည်လင်ချမ်းမြေ့စေရန် ပန်းအလှစိုက်ခင်းများ၊ ရေပန်းများ တည်ဆောက်ထား။**

---

**ပြင်စလူ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသပ်ရပ် သာယာလှပမှုရှိစေရေးအတွက် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲယာရှိ မြက်များရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဇန်နဝါရီ ၃ ရက်က မြို့နယ်တာဝန်ခံ ဦးစိုးဝဏ္ဏဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇေမင်းမင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

## မြစ်သား မြင့်မြတ်သာလွန်စာကြည့်တိုက်အတွက် စာအုပ်စာစောင်နှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်း

ကျောက်ဆည် ဇန်နဝါရီ ၁၄

ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် သာလွန်ကျေးရွာ မြင့်မြတ်သာလွန်စာကြည့်တိုက်အတွက် စာအုပ်စာစောင်နှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက် မွန်းလွဲ ၁နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

### လှူဒါန်း

အခမ်းအနားတွင် ကျောက်ဆည်ခရိုင်ဥက္ကဋ္ဌ ဦးစိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြင့်မြတ်သာလွန်စာကြည့်တိုက် နာယက ဦးစိုးညွန့်က စာကြည့်တိုက် ဆောက်လုပ်ထားရှိမှု အခြေအနေ၊ စာကြည့်တိုက် ဆောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ရှေ့ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြီး စာအုပ်စာစောင်နှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကိုကျင်းပရာ အလှူရှင်များမှ ငွေပဒေသာပင် ငွေကျပ် ၁၂၀၅၀၀၀နှင့် သုတရသ စာအုပ်ပေါင်း ၄၇၆အုပ်ကို လှူဒါန်းကြရာ ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။ အဆိုပါ မြင့်မြတ်သာလွန်စာကြည့်တိုက် အဆောက်အအုံကို နိုင်ငံတော်မတည်ငွေကျပ် ၁၀သိန်းအပြင် အလှူရှင် ဦးစိုးညွန့်-ဒေါက်တာသွယ်သွယ်တိုး (အေဝမ်းမိသားစု)မှ ငွေကျပ် ၃၃၉၀၀၀၀ ထည့်ဝင်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

(ခရိုင် ပြန်/ဆက်)

ဇန်နဝါရီ ၁၄ရက်က ရမည်းသင်းမြို့ မြို့မဈေးကြီး၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်နှင့်အဖွဲ့၊ ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့နှင့် ဈေးသူ ဈေးသားများပူးပေါင်း၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်ကြစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

## မင်္ဂလာသတင်း

တည်ဆောက်ရေးလုပ်ငန်းများတွင် မရှိမဖြစ်လိုအပ်သော ဆောက်လုပ်ရေး ယန္တရားများကို မည်သည့်နေရာ၌ ထုတ်လုပ်နေသည်ကို ယခင်က သတိမထားမိခဲ့။ သို့သော် တည်ဆောက်ရေးလုပ်ငန်းခွင်များ၌ တွင်ကျယ်စွာ အသုံးချနိုင်ရန်၊ စွမ်းအားကောင်းမွန်ပြီး အရည်အသွေးမြင့်မားသည့် မြေထိုး၊ မြေတူးစက်များကို ပဲခူးတိုင်း ရေတာရှည်မြို့နယ် သာဂရ စက်မှုနယ်မြေ၌ ထုတ်လုပ်နေပြီဟူသော မင်္ဂလာသတင်းများ ထွက်ပေါ်နေသည်မှာ တစ်နှစ်ကျော်ကာလရှိခဲ့ပြီ။

## ကြိုးပမ်းအကောင်အထည်ဖော်

ဆောက်လုပ်ရေး စက်ယန္တရားများ ထုတ်လုပ်မှုနှင့် ပတ်သက်ပြီး လေ့လာလိုသည့် ဆန္ဒပြည့်ဝခဲ့သည်။ သာဂရ စက်မှုနယ်မြေရှိ ဆောက်လုပ်ရေး ယန္တရားများ ထုတ်လုပ်နေသည့် စက်ရုံသို့ မကြာမီက လေ့လာရေး ရောက်ရှိခဲ့သည်။ မိမိစိတ်ထဲ၌ တွေးထင်ထားသည်ထက် ပိုမိုကြီးမားသော စက်ရုံအဆောက်အအုံကြီးများကို မြင်တွေ့ရသဖြင့် စက်မှုနိုင်ငံတော် တည်ဆောက်ရေးတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ ကြိုးပမ်းအကောင်အထည်ဖော်နေမှုကို လေးစားစိတ် ဖြစ်ခဲ့ရသည်။

စက်ရုံအတွင်း ကြီးမားသည့် အလုပ်ရုံကြီးများမှာ မြင်တွေ့ရသူအဖို့ စက်မှုကဏ္ဍ တိုးတက်ရေးအတွက် အားတက်စရာပင်ဖြစ်သည်။ဆောက်လုပ်ရေးယန္တရား ထုတ်လုပ်သည့် စက်ရုံအတွင်း တည်ဆောက်ထားသော အလုပ်ရုံများ၊ ယန္တရားများ အဆင့်ဆင့် ထုတ်လုပ်မှုနှင့်ပတ်သက်ပြီး စက်ရုံအထွေထွေမန်နေဂျာ ဦးတင့်ဆွေက အလုပ်ရုံ တစ်ရုံပြီးတစ်ရုံကို စိတ်ရှည်စွာ လိုက်လံရှင်းပြသည်။

“ဒီစက်ရုံတစ်ခုလုံးရဲ့ အကျယ်က ၃၉ ဒသမ ၁၃၈ဧက ရှိပါတယ်။ စက်ရုံကို ၂၀၀၈ခုနှစ် စက်တင်ဘာ ၃၀ရက်မှာ စတင်ဖွင့်လှစ်ခဲ့ပြီး မြေထိုး၊ မြေတူးစက်နဲ့ သုံးတန်၊ ငါးတန် ဝန်ပင့်ယာဉ် (Forklift) တွေကို ထုတ်လုပ်နေပါတယ်။ ဆက်လက်ပြီး အသေးစား မြေတူးစက်နဲ့ တုန်ခါ လမ်းကြိတ်စက် ထုတ်လုပ်ဖို့ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်”ဟု စက်ရုံအထွေထွေမန်နေဂျာ ဦးတင့်ဆွေက ရှင်းပြသည်။

## စနစ်တကျထုတ်လုပ်ဖြန့်ဖြူး

ဆောက်လုပ်ရေး ယန္တရား ထုတ်လုပ်နေသည့်စက်ရုံကို တည်ဆောက်ပြီး ယခုကဲ့သို့ ထုတ်လုပ်ပေးနေခြင်းမှာ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ၌ မရှိမဖြစ် လိုအပ်သည့် မြေထိုး၊ မြေတူးယန္တရားများကို သွင်းကုန်အစားထိုး ထုတ်လုပ်ခြင်းဖြင့် နိုင်ငံခြားငွေ သုံးစွဲမှု သက်သာစေရန်နှင့် နည်းပညာတိုးတက်မှု ရရှိစေရန်အတွက် ပြည်တွင်းတွင် စနစ်တကျ ထုတ်လုပ် ဖြန့်ဖြူးသွားနိုင်ရန် ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ စက်ရုံအနေနဲ့ တစ်နှစ်ကို မြေထိုးယန္တရား အစီးရေ ၁၀၀၊ မြေတူးယန္တရား တစ်နှစ်အစီးရေ ၁၀၀နဲ့ သုံးတန်ဝန်ပင့်ယာဉ် (Fork-lift) တွေကို စွမ်းအားရှိသလောက် ထုတ်လုပ်ပေးနေပါတယ်။ အဲဒီ စက်ယန္တရားတွေ အားလုံးဟာ လက်တွေ့လုပ်ငန်းခွင်မှာ စွမ်းအားပြည့် အသုံးပြုနိုင်ပြီး ကြံ့ခိုင်မှုလည်းရှိလို့ သုံးစွဲသူတွေ ကြိုက်နှစ်သက်တာမို့ အမှာစာတွေ မပြတ် လက်ခံရရှိနေပါတယ်” ဟု အထွေထွေမန်နေဂျာ ဦးတင့်ဆွေက ဆက်လက်ရှင်းပြသည်။

စက်ရုံအတွင်း လိုအပ်သည့် စက်အစိတ်အပိုင်းများတပ်ဆင်ပြီး အရည်အသွေး စစ်ဆေးထားသော မြေထိုးယန္တရားကြီးများကို အနီးကပ် လေ့လာမိသည်။ ကိုယ်ထည်အဝါရောင် ဆေးမှုတ်ထားသော မြေထိုးယန္တရားကြီးများ ဒီဇိုင်းပုံစံက ခံ့ခံ့ထည်ထည်နှင့် ဆွဲဆောင်မှုရှိသည်။ မြေထိုးယန္တရား တစ်စီးလုံး အလေးချိန်မှာ ၂၅တန်ခန့်ရှိပြီး အင်ဂျင်အားမှာ မြင်းကောင်ရေ ၂၂၅ဖြစ်သည်။ မြေထိုးယန္တရား၏ မြေထိုးနိုင်သည့် စွမ်းအားမှာ အနက် တစ်ပေခွဲနှင့် အရှေ့ဘက် မောင်းနှင်လျှင် တစ်နာရီ ၁၁ဒသမ ၈ကီလိုမီတာ ရောက်ရှိနိုင်သည်။

ဆောက်လုပ်ရေး ယန္တရားများ ထုတ်လုပ်သည့်စက်ရုံ (သာဂရ) မှ ထုတ်လုပ်နေသည့် မြေထိုးစက်မှာ Model-M1 (2) D-22 (225 HP) အမျိုးအစား ဖြစ်သည်။ လက်ရှိ လုပ်ငန်းခွင်များ၌ အသုံးပြုနေသော မြေထိုးစက်များထက် ဈေးနှုန်းသက်သာပြီး စက်ကြံ့ခိုင်မှုလည်း ပိုမိုကောင်းမွန်သည်။ စက်အရန်ပစ္စည်းများကိုလည်း အလွယ်တကူ ရရှိနိုင်သည့်အပြင် လိုအပ်သည့် ဝန်ဆောင်မှုများကိုလည်း စက်ရုံမှ ဖြည့်ဆည်းပေးကြောင်း သိရသည်။ အမှာစာများဖြင့် ဝယ်ယူနိုင်သည်ဖြစ်ရာ တည်ဆောက်ရေးလုပ်ငန်းများအတွက် အခွင့်အရေးကောင်းပင်ဖြစ်သည်။ မြေထိုးယန္တရား၏ အစိတ်အပိုင်းတစ်ခုချင်းကို နောက်ဆုံးပေါ် ခေတ်မီစက်ကြီးများဖြင့် စနစ်တကျ တပ်ဆင်ကာ အရည်အသွေး စစ်ဆေးမှု အကြိမ်ကြိမ် ပြုလုပ်ထားသဖြင့် စွမ်းအားပြည့် အသုံးပြုနိုင်သည့် မြေထိုးယန္တရားပင် ဖြစ်သည်။

## မြေတူးယန္တရား

ထို့နောက် မြေတူးယန္တရား ထုတ်လုပ်မှု အဆင့်ဆင့်ကို အလုပ်ရုံကြီးများအတွင်း လိုက်လံလေ့လာရာ စက်ရုံအထွေထွေမန်နေဂျာ ဦးတင့်ဆွေက အသေးစိတ် လိုက်လံရှင်းပြသည်။ ကျယ်ဝန်းကြီးမားသော အလုပ်ရုံကြီးများအတွင်း ခေတ်မီစက်ကိရိယာများကို ကျွမ်းကျင်စွာ ကိုင်တွယ် အလုပ်လုပ်နေကြသည့် ဝန်ထမ်းများမှာ မိမိတာဝန်ယူရသည့် စက်ပစ္စည်း အစိတ်အပိုင်းအား စနစ်တကျ ပြုလုပ်နေကြသည်ကို တွေ့ရသည်။

ဆောက်လုပ်ရေး ယန္တရားများ ထုတ်လုပ်နေသည့် စက်ရုံ(သာဂရ)မှ ထုတ်လုပ်နေသည့် မြေတူးစက် အမျိုးအစားမှာ M1 (2)-E220 ဖြစ်သည်။ စက်ရုံအတွင်း တပ်ဆင်ပြီးစီးနေသည့် မြေတူးယန္တရားများကို အနီးကပ်လေ့လာကြည့်ရာ စက်အစိတ်အပိုင်းတစ်ခုချင်းကို သေသပ်စွာ တပ်ဆင်ထားသည်မှာ ပြည်ပမှ မြေတူးယန္တရားများထက် ပိုမိုကောင်းမွန်မှုကိုသတိပြုမိသည်။ မြေတူးယန္တရားကိုယ်ထည်မှာ အဝါရောင်နှင့် ကိုယ်ထည်အောက်ပိုင်းတွင် မီးခိုးရောင်ရင့်ရင့်ကို အသုံးပြုထားသဖြင့် သေသပ်ကြံ့ခိုင်မှု အထင်းသားပေါ်လွင်နေသည်။

## ဈေးနှုန်းသက်သာ

မြေတူးယန္တရားတစ်ခုလုံး အလေးချိန်မှာ ၂၂တန်ဖြစ်ပြီး မြင်းကောင်ရေအား ၁၅၀ အသုံးပြုထားသည်။ တူးနိုင်သည့် မြေသားပမာဏမှာ တစ်ကြိမ်တူးလျှင် တစ်ကုဗမီတာဖြစ်ရာ လုပ်ငန်းတွင်ကျယ်သည်။ အချိန်တိုအတွင်း လုပ်ငန်းပမာဏ များပြားစွာ ပြီးစီးနိုင်သည်ဖြစ်ရာ တွက်ခြေကိုက်သည်။ ဈေးကွက်တွင်ရှိနေသော အခြားမြေတူးယန္တရားများထက် ဈေးနှုန်းသက်သာ

“စက်ရုံအနေနဲ့ တစ်နှစ်ကို မြေထိုးယန္တရားအစီး ၁၀၀၊ မြေတူးယန္တရားအစီး ၁၀၀နဲ့ သုံးတန်ဝန်ပင့်ယာဉ်တွေကို စွမ်းအားရှိသလောက် ထုတ်လုပ်ပေးနေပါတယ်”

ဦးတင့်ဆွေ
အထွေထွေမန်နေဂျာ။

ဆောက်လုပ်ရေးယန္တရားများအတွက် ဘီးတပ်ဆင်ရန် သံပြားအဝိုင်းကြီးကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ဆောက်လုပ်ရေး ယန္တရားများအတွက် ဘီးများအပါအဝင် လိုအပ်သည့် အစိတ်အပိုင်းများရရှိရန် သံပြားများကို ကွန်ပျူတာထိန်းချုပ်မှုစနစ်ပါရှိသော ခေတ်မီစက်များဖြင့် ဤသို့ ဖြတ်တောက်ပေးရသည်။ (မြန်မာ့အလင်း)

**ဆောက်လုပ်ရေးယန္တရား ထုတ်လုပ်နေသည့်စက်ရုံကို တည်ဆောက်ပြီး ယခုကဲ့သို့ ထုတ်လုပ်ပေးနေခြင်းမှာ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ၌ မရှိမဖြစ် လိုအပ်သည့် မြေထိုး၊ မြေတူးယန္တရားများကို သွင်းကုန်အစားထိုး ထုတ်လုပ်ခြင်းဖြင့် နိုင်ငံခြားငွေ သုံးစွဲမှုသက်သာစေရန်နှင့် နည်းပညာ တိုးတက်မှုရရှိစေရန်အတွက် ပြည်တွင်းတွင် စနစ်တကျ ထုတ်လုပ်ဖြန့်ဖြူးသွားနိုင်ရန်ဖြစ်။**

**ဆောက်လုပ်ရေး ယန္တရား ထုတ်လုပ်နေသည့်စက်ရုံတွင် အလုပ်ရုံကြီး ငါးရုံရှိရာ သတ္တုပုံဖော်အလုပ်ရုံ၊ သံဂဟေအလုပ်ရုံ၊ စက်ပစ္စည်းအလုပ်ရုံ၊ တပ်ဆင်ခြင်းအလုပ်ရုံ၊ ဆေးမှုတ်နှင့် စစ်ဆေးရေးအလုပ်ရုံတို့ဖြစ်ပြီး ခေတ်မီစက်ကြီးများတပ်ဆင်ထား။ အလုပ်ရုံကြီးများတွင် စက်စွမ်းအား၊ လူ့စွမ်းအား အပြည့်ရှိနေသဖြင့် အသေးစားမြေတူးစက်နှင့် ၁၄တန် တုန်ခါလမ်းကြိတ်စက်များကို ဆက်လက်ထုတ်လုပ်သွားရန် ကြိုးစားနေ။**



ဆောက်လုပ်ရေးယန္တရားများအတွက် တပ်ဆင်ရန် ဘီးများကို ဤသို့ စနစ်တကျ အဆင့်တိုင်း ပြုလုပ်ကြရသည်။ (မြန်မာ့အလင်း)

သည်။ မြေတူးယန္တရားကိုယ်ထည်မှာ အဝါရောင်နှင့် ကိုယ်ထည်အောက်ပိုင်းတွင် မီးခိုးရောင်ရင့်ရင့်ကို အသုံးပြုထားသဖြင့် သေသပ်ကြံ့ခိုင်မှု အထင်းသား ပေါ်လွင်နေသည်။

## ဈေးနှုန်းသက်သာ

မြေတူးယန္တရားတစ်ခုလုံး အလေးချိန်မှာ ၂၂တန်ဖြစ်ပြီး မြင်းကောင်ရေအား ၁၅၀ အသုံးပြုထားသည်။ တူးနိုင်သည့် မြေသားပမာဏမှာ တစ်ကြိမ်တူးလျှင် တစ်ကုဗမီတာဖြစ်ရာ လုပ်ငန်းတွင်ကျယ်သည်။ အချိန်တိုအတွင်း လုပ်ငန်းပမာဏ များပြားစွာ ပြီးစီးနိုင်သည်ဖြစ်ရာ တွက်ခြေကိုက်သည်။ ဈေးကွက်တွင်ရှိနေသော အခြားမြေတူးယန္တရားများထက် ဈေးနှုန်းသက်သာပြီး လိုအပ်ချက်၊ ချွတ်ယွင်းချက်များကို လွယ်ကူစွာ ပြုပြင်နိုင်သည်။ ထို့ကြောင့် M1 (2)-E220 မြေတူးယန္တရားများမှာ သုံးစွဲသူများ အကြိုက်တွေ့စေသည့် ယန္တရားအမျိုးအစားပင် ဖြစ်သည်။

## စံချိန်ပြည့်မီ

မြေတူးယန္တရားကြီးများအား လိုအပ်သည့် အရည်အသွေး၊ စွမ်းအားများ ရှိမရှိ လက်တွေ့စမ်းသပ်မှု ပြုလုပ်ထားသဖြင့် ဝယ်ယူသူများ ယုံကြည်စိတ်ချစွာ ဝယ်ယူနိုင်ကြပြီဖြစ်သည်။ မြေတူးယန္တရားကြီးများကို အဆင့်တိုင်း ခေတ်မီ စက်ကြီးများဖြင့် စမ်းသပ်၊ စစ်ဆေး ထုတ်လုပ်ထားသဖြင့် ကြံ့ခိုင်မှု၊ စွမ်းအားအပြည့် သုံးစွဲနိုင်မှုတို့မှာစံချိန်ပြည့်မီလျက်ရှိကြောင်း တွေ့ရသည်။

## သုံးတန်ဝန်ပင့်ယာဉ်

ဆက်လက်ပြီး သုံးတန်ဝန်ပင့်ယာဉ် (Forklift) ထုတ်လုပ်မှု အလုပ်ရုံကို လေ့လာခဲ့သည်။ သုံးတန်ဝန်ပင့်ယာဉ်တွင်ပါရှိသည့် စက်ပစ္စည်းအစိတ်အပိုင်း တစ်ခုချင်းကို ကွန်ပျူတာအသုံးပြု ခေတ်မီစက် (CNC Machine) စက်စွမ်းအား၊ လူစွမ်းအားတို့ ပေါင်းစပ်ကာ ဟန်ချက်ညီစွာ ပြုလုပ်နေကြသည်ကို တွေ့မြင်ရသည်။

သုံးတန်ဝန်ပင့်ယာဉ် (Forklift)၏ မ,တင်နိုင်သည့် ဝန်အားမှာ အလေးချိန်သုံးတန်ဖြစ်သည်။ ဝန်သုံးတန်ကို မြေပြင်မှ အမြင့် ၁၀ပေခန့်အထိ မ,တင်နိုင်သဖြင့် လုပ်ငန်းခွင်၌ အသုံးတည့်သည်။ အင်ဂျင်အားမှာ မြင်းကောင်ရေ ၅၀ခန့်ရှိသဖြင့် ကုန်စည်နှင့်ဝန်များကို ရွှေ့ပြောင်းခြင်း၊ မ,တင်နိုင်ခြင်းတို့ကို ကောင်းစွာ ဆောင်ရွက်နိုင်သည်။

သုံးတန်ဝန်ပင့်ယာဉ် (Forklift)ကို စက်ရုံ၊ အလုပ်ရုံများ၌ လွယ်ကူစွာ မောင်းနှင်အသုံးပြုနိုင်စေရန် စနစ်တကျတွက်ချက် ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။ ဈေးကွက်တွင်ရှိသည့် ဝန်ပင့်ယာဉ်များထက် ဈေးနှုန်းသက်သာခြင်း၊ ဒီဇယ်ဆီစားသက်သာခြင်း၊ ကြံ့ခိုင်မှုရှိခြင်းတို့ကြောင့် အသုံးပြုသူများ နှစ်သက်သဘောကျစေသည့် ဝန်ပင့်ယာဉ်ပင် ဖြစ်သည်။ ဆက်လက်ပြီး သုံးတန်ဝန်ပင့်ယာဉ်ကို အခြေခံကာ ငါးတန်ဝန်ပင့်ယာဉ်ကို ထုတ်လုပ်ရန် ရည်မှန်းထားကြောင်း သိရသည်။

## ဆက်လက်ထုတ်လုပ်

ဆောက်လုပ်ရေး ယန္တရားထုတ်လုပ်နေသည့်စက်ရုံတွင် အလုပ်ရုံကြီး ငါးရုံရှိရာ သတ္တုပုံဖော်အလုပ်ရုံ၊ သံဂဟေအလုပ်ရုံ၊ စက်ပစ္စည်းအလုပ်ရုံ၊ တပ်ဆင်ခြင်းအလုပ်ရုံ၊ ဆေးမှုတ်နှင့် စစ်ဆေးရေးအလုပ်ရုံတို့ဖြစ်ပြီး ခေတ်မီစက်ကြီးများ တပ်ဆင်ထားသည်။ အလုပ်ရုံကြီးများတွင် စက်စွမ်းအား၊ လူ့စွမ်းအားအပြည့်ရှိနေသဖြင့် အသေးစား မြေတူးစက်နှင့် ၁၄တန် တုန်ခါလမ်းကြိတ်စက်များကို ဆက်လက်ထုတ်လုပ်သွားရန် ကြိုးစားနေပြီဖြစ်သည်။

ဆောက်လုပ်ရေး ယန္တရားများထုတ်လုပ်နေသည့်စက်ရုံတွင် လေ့လာပြီးနောက် အပြန်ခရီးတစ်လျှောက်တွင် စက်မှုစွမ်းအား ပြည်ထွန်းကား၊ ဝင့်ကြွားခေတ်မီ မြန်မာပြည်ဟူသော ဆောင်ပုဒ်အတိုင်း အမှတ်(၂) စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံ၊ အလုပ်ရုံများ က ကြိုးစားအကောင်အထည်ဖော်နေမှုတို့ကို မြင်ယောင်မိပါတော့သည်။ ။ **(မြန်မာ့အလင်း)**

## ကွန်ပျူတာ ထိန်းချုပ်မှု

**ဆောက်လုပ်ရေး ယန္တရားများအတွက် လိုအပ်သည့် အစိတ်အပိုင်းများကို ခေတ်မီစက်ကြီးများဖြင့် ကျွမ်းကျင်ဝန်ထမ်းများက ကွန်ပျူတာထိန်းချုပ်မှုစနစ်ဖြင့် ဤသို့ ပြုလုပ်ပေးသည်။** (မြန်မာ့အလင်း)

**အရည်အသွေး စစ်ဆေးပြီး လုပ်ငန်းခွင်၌ အသင့်အသုံးပြုနိုင်သည့် မြေတူးယန္တရားနှင့် သုံးတန်ဝန်ပင့်ယာဉ်များအား စက်ရုံအတွင်း ဤသို့ တွေ့ရသည်။** (မြန်မာ့အလင်း)

# ရွှေဘိုမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ထောက်ပံ့ငွေများပေးအပ်

**ရွှေဘို ဇန်နဝါရီ ၁၄**

ရွှေဘိုမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီမှ အဖွဲ့ဝင်များနှင့် အဖွဲ့ဝင်များ၏ ပညာသင်ဆဲသားသမီးများအား ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀နာရီက အဖွဲ့ရုံးခန်းမ၌ ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးအောင်မင်း(ငြိမ်း)က ထောက်ပံ့ကြေးပေးအပ်ခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ထောက်ပံ့ကြေးငွေများ ပေးအပ်သည်။

## ထောက်ပံ့ကြေးငွေ

ထောက်ပံ့ကြေးငွေများမှာ မော်ကွန်းဝင်နှစ်ဦး တစ်ဦးလျှင် ငွေကျပ် ၁၁၀၀၀နှုန်း၊ မစွမ်းမသန် ၃၀၊ တစ်ဦးလျှင် ငွေကျပ် ၈၅၀၀နှုန်း၊ အသက်ကြီး ၇၅နှစ်အထက် ၃၃ဦး တစ်ဦးလျှင် ငွေကျပ် ၇၅၀၀နှုန်း၊ အသက်ကြီး ၇၀အထက် ၄၀၊ တစ်ဦးလျှင် ငွေကျပ် ၆၅၀၀နှုန်း၊ ဂုဏ်ထူးတစ်ဦး ငွေကျပ် ၁၀၀၀၀နှုန်း၊ မူလတန်း ၃၅၀၀ တစ်ဦးလျှင် ငွေကျပ် ၃၅၀၀နှုန်း၊ အလယ်တန်း ၄၂ဦး တစ်ဦးလျှင် ငွေကျပ် ၄၅၀၀နှုန်း၊ အထက်တန်း ၃၂ဦး တစ်ဦးလျှင် ငွေကျပ် ၅၅၀၀နှုန်း၊ တက္ကသိုလ်နေ ကျောင်းသား ၂၄ဦး တစ်ဦးလျှင် ငွေကျပ် ၆၅၀၀နှုန်း၊ အဝေးသင် ကိုးဦး တစ်ဦးလျှင် ငွေကျပ် ၅၅၀၀နှုန်း၊ စည်းရုံးရေးမှူး ၃၂ဦး တစ်ဦးလျှင် ငွေကျပ် ၅၀၀၀နှုန်း စုစုပေါင်း ထောက်ပံ့ကြေး ငွေကျပ် ၁၆၇၉၀၀၀ ဖြစ်သည်။

**(ခရိုင် ပြန်/ဆက်)**

**ကြံခင်းမြို့မဈေး မီးဘေးလုံခြုံရေးအတွက် မြို့မဈေးအတွင်း၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ သရုပ်ပြလေ့ကျင့်မှုကို ဒီဇင်ဘာ ၂၀ရက်ကကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကြည်ဝင်း၊ အမှုဆောင်အရာရှိ ဦးအောင်သက်ရှည်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၅-၁-၂၀၁၀**
**(သောကြာနေ့ )**
**နံနက်ပိုင်း**

| | |
|---|---|
| ၅:၀၀ | MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+အာဠှာနဋ္ဌိယသုတ် |
| ၅:၁၅ | MRTV-4 သတင်း |
| ၆:၀၀ | **ဆရာတော် ဘဒ္ဒန္တကေသရ** ဟောကြားတော်မူသော တရားတော် |
| ၆:၅၀ | ဖူးမြော်မဝပြီ ဖိုးဦးတောင်စေတီ |
| ၇:၀၀ | MRTV-4 သတင်း |
| ၇:၄၅ | Science Tech Today |
| ၈:၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ |
| ၈:၃၀ | Sports World (Argentina Chille Dakar) |
| ၈:၅၅ | ရာမညမြေရဲ့ လင်းရောင်နီဦး |
| ၉:၁၀ | Activities in the City (လျှပ်စစ်ဝန်ထမ်းဟောင်းသက်ကြီးပုဂ္ဂိုလ်ဆရာသမားများအား ပူဇော်ပွဲ) |
| ၉:၃၅ | Movie Talk (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အောင်လွင်) (အပိုင်း-၂) |
| ၁၀:၄၀ | SGED သက်ကြီးဆရာဝန်စောင့်ရှောက်ရေး |
| ၁၁:၀၀ | Activities in the City (မော်လမြိုင် ကောလိပ်/တက္ကသိုလ် အာစရိယပူဇော်ပွဲ) |
| ၁၁:၁၀ | တိုးပွားဆောင်ရွက်နိုင်ငံ့လက်ဖေးကူမွေးမြူ တို့အတူ (ရေပုတ်သင်မွေးမြူရေး) |
| ၁၁:၃၀ | VJ Choice |
| ၁၂:၀၀ | လှပဆန်းကြယ် မြန်မာ့ရွှေချည်ထည် |
| ၁၂:၁၀ | သီးနှံတို့၏ အရင်းအမြစ် ရေ |
| ၁၂:၃၅ | အဖိုးတန်သော သဘာဝ သယံဇာတ မြေဟူးကောင်း |
| ၁:၀၀ | **ဆရာတော် ဘဒ္ဒန္တကေသရ** ဟောကြားတော်မူသော တရားတော် |
| ၂:၀၀ | MRTV-4 သတင်း |
| ၂:၄၅ | World of Knowledge (Inside Muambai Terror Attack) |
| ၃:၄၀ | ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) |
| ၃:၅၅ | Activities in the City (မော်လမြိုင်ကောလိပ်/တက္ကသိုလ် အာစရိယပူဇော်ပွဲ) |
| ၄:၀၅ | ကောင်းကင်နှင့်ဆုံခဲ့ရာ.... |
| ၄:၄၀ | အလှဆင်စရာ ပရိဘောဂကမ္ဘာ (Pannbayin Handicrafts & Furniture) |
| ၄:၅၅ | ရာမညမြေရဲ့ လင်းရောင်နီဦး |
| ၅:၀၅ | **သူတို့ပြောတဲ့ သူတို့အကြောင်း** (သရုပ်ဆောင် ခင်လှိုင်နှင့်တွေ့ဆုံခြင်း) (အပိုင်း-၁) |
| ၅:၃၀ | MRTV-4 ကာတွန်းအစီအစဉ် |
| ၆:၀၀ | MRTV-4 သတင်း |
| ၆:၂၀ | လှပသစ်ဆန်း အလှပြင်ခန်း (Gentleman @ Bagan HAIR DRESSING) |
| ၆:၄၀ | ဖက်ရှင်လမ်းညွှန် (အပြာရောင်ဖက်ရှင်) |
| ၇:၀၀ | Science Tech Today |
| ၇:၁၅ | FMF Selection |
| ၇:၄၀ | ညောင်ကျိုးအထကကျောင်း၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ |
| ၈:၀၀ | MRTV-4 သတင်း |
| ၈:၃၀ | VJ Choice |
| ၉:၀၅ | **သူတို့ပြောတဲ့ သူတို့အကြောင်း** (သရုပ်ဆောင်ခင်လှိုင်နှင့်တွေ့ဆုံခြင်း) (အပိုင်း-၁) |
| ၉:၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ |
| ၁၀:၀၀ | အလှဆင်စရာ ပရိဘောဂကမ္ဘာ (Pannbayin Handicrafts & Furniture) |
| ၁၀:၁၀ | ဖက်ရှင်လမ်းညွှန် (အပြာရောင်ဖက်ရှင်) |
| ၁၀:၃၀ | လှပသစ်ဆန်း အလှပြင်ခန်း (Gentleman @ Bagan HAIR DRESSING) |
| ၁၀:၄၅ | ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) |
| ၁၀:၅၅ | သာယာငြိမ်းချမ်း စိမ်းလန်းဝေစည် ငွေတောင်ပြည် |
| ၁၁:၂၅ | အေးမိသားစု လီမိတက်၏ ဆောက်လုပ်ရေးနှင့် Pro-1 Taxi meter |
| ၁၁:၄၀ | လှပဆန်းကြယ် မြန်မာ့ရွှေချည်ထည် |
| ၁၁:၄၅ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |
| ၁:၀၀ | အစီအစဉ်ပြီး။ |

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

■ *ကျောဖုံးမှ*

*မြင်တွေ့ရမည်*

*ကမ္ဘာမြေကြီးနှင့် နေတို့ မျဉ်းတစ်ကြောင်းတည်း ရောက်ရှိချိန်တွင် လရိပ်က ကမ္ဘာမြေပေါ်သို့ လွှမ်းထားသည့်အတွက် နေကို တိုက်ရိုက်မမြင်တွေ့ရခြင်း ဖြစ်သည်။ ထိုသို့ နေကြတ်ခြင်းကို အာဖရိကအလယ်ပိုင်းနိုင်ငံများ၊ ဥရောပအရှေ့ပိုင်းနိုင်ငံများ၊ အရှေ့အလယ်ပိုင်းဒေသနှင့် အာရှတိုက်နိုင်ငံများက ပြည်သူများလည်း မြင်တွေ့ကြရမည် ဖြစ်သည်။*

*အကြာဆုံး*

*နေကြတ်ခြင်းကို အချိန်အကြာဆုံးနှင့် မြင်ကွင်းအကောင်းဆုံး တွေ့မြင်ရမည့်နိုင်ငံနှင့်မြို့မှာ မော်လဒိုက်နိုင်ငံ မာလီမြို့ဖြစ်သည်။ မာလီမြို့နှင့် အနီးဝန်းကျင်ဒေသမှ ပြည်သူများအနေဖြင့် နေကြတ်ခြင်းကို ပထမဦးဆုံး မြင်တွေ့ရပြီး ၁၀ဒသမ၈မိနစ်ခန့်ကြာအောင် လေ့လာတွေ့မြင်နိုင်ကြမည် ဖြစ်သည်။*

*အိန္ဒိယ*

*တစ်ဖန်ယူဂန္ဒာ၊ ကင်ညာနိုင်ငံနှင့် အိန္ဒိယသမုဒ္ဒရာ အနားသတ်နိုင်ငံများကလည်း နေကြတ်ခြင်းကို ၇ဒသမ ၇စက္ကန့်ကြာမျှ မြင်တွေ့ကြရမည် ဖြစ်သည်။ အိန္ဒိယနိုင်ငံ တမီလ်နာဒူပြည်နယ် ကမ်းလွန်ပမ်ဘန် ကျွန်းတွင်လည်း နေကြတ်ခြင်းကို ၁၀ဒသမ ၄မိနစ်ကြာမျှ အကောင်းဆုံး မြင်တွေ့ရမည် ဖြစ်သည်။*

*မြန်မာ-တရုတ်နယ်စပ်*

*ထို့အပြင် သီရိလင်္ကာနိုင်ငံ မင်နာကျွန်းအနောက်ပိုင်းဒေသများမှလည်း နေကြတ်ခြင်းကို တွေ့မြင်ကြရမည်ဖြစ်ပြီး ဘင်္ဂလားပင်လယ်အော် ကမ်းခြေဒေသများနှင့် မြန်မာ-တရုတ် နယ်စပ်ဒေသများမှလည်း မြင်တွေ့ရနိုင်သည်။*

*ဗီဇာကင်းလွတ်*

*ဇန်နဝါရီ ၁၅ရက် (ယနေ့) နေကြတ်ခြင်းကို အာကာသသိပ္ပံပညာရှင်များက ၂၀၀၉ခုနှစ်ကပင် ကြိုတင်ထုတ်ပြန်ထားရာ မြင်ကွင်းအကောင်းဆုံးဖြစ်သည့် မော်လဒိုက်နိုင်ငံက နိုင်ငံတကာမှ ကမ္ဘာလှည့် ခရီးသည်များအတွက် နေကြတ်ခြင်းကို စိတ်တိုင်းကျ လေ့လာကြည့်ရှုနိုင်ရန် ဗီဇာမဲ့ရက် ၃၀ကြိုတင် ကင်းလွတ်ခွင့်ပေးထားခဲ့သည်။ ထို့ကြောင့် မော်လဒိုက်နိုင်ငံ မာလီမြို့သို့ နိုင်ငံတကာ လေကြောင်းလိုင်းများမှတစ်ဆင့် ကမ္ဘာလှည့် ခရီးသည် ထောင်ပေါင်းများစွာ ရောက်ရှိနေကြပြီး နေကြတ်မှုကို စောင့်ကြည့်ကြမည် ဖြစ်သည်။*

*ယခုနေကြတ်ပြီးပါက ၂၀၁၀ခုနှစ် ဇွန် ၂၆ရက်တွင် တစ်ပိုင်းတစ်စ နေကြတ်မှုနှင့် ၂၀၁၀ခုနှစ် ဇူလိုင် ၁၁ရက်၌လည်း အပြည့်အဝ နေကြတ်မှု ဆက်လက် ဖြစ်ပေါ်မည်ဖြစ်ကြောင်း၊ တစ်ဖန် ၂၀၁၀ခုနှစ် ဒီဇင်ဘာ ၂၁ရက်တွင်လည်း လကြတ်ခြင်းဖြစ်ပေါ်မည်ဖြစ်ကြောင်း နာဆာအာကာသသိပ္ပံပညာရှင်များက ကြိုတင်ပြောကြားထားကြသည်။ (အင်တာနက်)*

# Nikon DSLR D3000 နှင့် Nikon DSLR D90 ကင်မရာများအတွက် Product Training Seminar

## စာနယ်ဇင်းမိတ်ဆက်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၄**

Nikon Singapore Pte., Ltd. နှင့် Special Style Photo & Electronics တို့ ပူးပေါင်းကျင်းပသော Nikon DSLR D3000 နှင့် Nikon DSLR D90 ကင်မရာများအတွက် Product Training Seminar ကျင်းပပေးမည့်အကြောင်း စာနယ်ဇင်းမိတ်ဆက်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၁ရက် နံနက် ၁၁နာရီက ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်းရှိ Mr. Brown Cafe ၌ကျင်းပရာ အထူးဖိတ်ကြားထားသူများ၊ အရောင်းကိုယ်စားလှယ်ကြီးများနှင့် စာနယ်ဇင်းအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ကျင်းပပေး

အခမ်းအနားတွင် Special Style Photo& Electronics မှGeneral Manager ဒေါ်ဥမ္မာက Nikon D3000 နှင့် D90 Camera Feature သုံးစွဲသူများ အသေးစိတ် သိရှိနားလည်စေရန် ရည်ရွယ်၍ Product Training Seminar ကို ကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

## ရှင်းလင်းပြောကြား

ထိုနောက် ဓာတ်ပုံပညာရှင် ဦးဇော်မြင့် (Nagoya) က Nikon D3000 နှင့် Nikon D90 ကင်မရာများအကြောင်းကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

## ကြိုတင်စာရင်းပေးသွင်းနိုင်

အဆိုပါ Product Training Seminar သို့ တက်ရောက်ရန် စိတ်ပါဝင်စားသူ ဓာတ်ပုံဝါသနာရှင်များသည် Special Style Photo& Electronics အမှတ် ၁၈၄-၁၉၂ အခန်း(ဘီ-၁)နှင်းဆီကွန်ဒို ဗိုလ်တထောင်ဘုရားလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၀၀၁၃၈၊ ၀၁-၃၉၇၆၁၇နှင့် ၀၉-၅၀-၀၇၅၄၀တို့သို့ ဆက်သွယ်စုံစမ်း ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရတနာပုံမြို့သစ်(မြောက်ပိုင်း) အဆင့်မြင့်ကိုယ်ပိုင်အိမ်ရာများ ဆောက်လုပ်ပြီးစီးမှု

## မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် ကြည့်ရှုစစ်ဆေး

မန္တလေး ဇန်နဝါရီ ၁၄

**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၁နာရီက မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် သုံးတောင်ရွာအနီးရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရတနာပုံမြို့သစ်(မြောက်ပိုင်း)အဆင့်မြင့် ကိုယ်ပိုင်အိမ်ရာ စီမံကိန်းနယ်မြေရှိ အိမ်ရာများ ဆောက်လုပ်ပြီးစီးမှုနှင့် သောက်သုံးရေ လုံလောက်စွာ ရရှိရေးအတွက် ဆောင်ရွက်နေသော လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)

### တည်ဆောက်

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ရတနာပုံမြို့သစ်(မြောက်ပိုင်း)အဆင့်မြင့် ကိုယ်ပိုင်အိမ်ရာ စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိ စစ်ဆေးရာ အဆောက်အအုံနှင့် ကုန်ရုံဌာန ဌာနမှူးက ပုဂ္ဂလိက ကုမ္ပဏီများ စီမံကိန်းနယ်မြေအတွင်း အဆင့်မြင့်အိမ်ရာ တည်ဆောက်နေမှုနှင့်ပတ်သက်၍ လည်းကောင်း၊ ရေနှင့် သန့်ရှင်းမှုဌာန ဌာနမှူးက သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် ကနဦးအနည်ကျကန်၊ အကြမ်းရေစစ်ကန်၊ အနှေးကျ သဲရေစစ်ကန်၊ ရေဂါလန် ငါးသိန်းဆံ့ ရေလှောင်ကန်နှင့် ရေတွန်းစက်ရုံ တည်ဆောက်ပြီးစီးမှု၊ ရေတွန်းစက်ရုံအတွင်း ကီလိုဝပ် ၉၀မော်တာများတပ်ဆင်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### သောက်သုံးရေ

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် စီမံကိန်းနယ်မြေ ၃၈၃ ဧကအတွင်း ပုဂ္ဂလိက ကုမ္ပဏီများက အဆင့်မြင့်အိမ်ရာများ တည်ဆောက်ပြီးစီးမှု၊ အဝင်အထွက်လမ်းများ ဖောက်လုပ်ပြီးစီးမှု၊ သောက်သုံးရေ ရရှိရေးအတွက် ရေပိုက်လိုင်းများသွယ်တန်းထားရှိမှု၊ လျှပ်စစ်ရုံးခတ်အားရရှိရန် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီရေး၊ သတ်မှတ်ချိန်မီ ပြီးစီးရေးအတွက် တာဝန်ရှိသူများ အဆင့်ဆင့်အနီးကပ် ကြီးကြပ်ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို တာဝန်ခံအင်ဂျင်နီယာများအား မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **(၁၁၃)**

# မြစ်ကြီးနား မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

## စံပြမိခင်နှင့် ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**မြစ်ကြီးနား ဇန်နဝါရီ ၁၄**

မြစ်ကြီးနားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း စံပြမိခင်နှင့်ကလေး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက်က မြစ်ကြီးနားမြို့ ရှမ်းစုမြောက်ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပရာ ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်လီလီသိန်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဖြူမာမြင့်က ရှင်းလင်းပြောကြားသည်။

### ဆုချီးမြှင့်

ဆက်လက်၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘဏ္ဍာရေးမှူး ဒေါ်D ခေါန်နူးက စံပြမိခင်နှင့်ကလေးပြိုင်ပွဲ ရသုံးငွေစာရင်းကို ရှင်းလင်းပြောကြားပြီးနောက် ဆုပေးပွဲအစီအစဉ်ကို ကျင်းပရာ အမြွှာပူးကလေးပြိုင်ပွဲတွင် ဆုရရှိသော ကလေးနှင့် မိခင်များကို ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဝင် ဒေါ်နန်းအေးယုံက ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် စံပြမိခင်ဆုကို ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်လီလီသိန်း**(အပေါ်ပုံ)**ကလည်းကောင်း၊ မွေးစမှ ခြောက်လအထိ ဆုရရှိသူ မိခင်များကို ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်ဝေမာကြည်ကလည်းကောင်း၊ ခြောက်လမှ တစ်နှစ်၊ တစ်နှစ်မှ နှစ်နှစ်အထိ ဆုရရှိသော ကလေးနှင့်မိခင်များကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ တာဝန်ရှိသူများကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။ **(၀၀၃)**

# မြန်မာ့ရုပ်မြင်သံကြား

**၁၅-၁-၂၀၁၀ (သောကြာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၀ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၈း၀၀ ၇။ မြန်မာစာ မြန်မာစကား
၈း၁၅ ၈။ ကြေးမုံရိပ်သွင် တေးနယည်
၈း၃၀ ၉။ **ချစ်လွန်းလို့**
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ အတီးပြိုင်ပွဲ

**ညပိုင်း**

၄း၀၀ ၁။ **Myanmar National League MNL Cup (2009) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် (ဆောက်သမ်းမြန်မာ အသင်းနှင့် ဧယျာဝတီမြေအသင်း)**
၄း၅၅ ၂။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရုက္ခဗေဒ အထူးပြု) (ရုက္ခဗေဒ)
၅း၁၀ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅ ၄။ ဧရာဝတီ၏အား ကျွန်းကုန်းတံတား
၅း၂၀ ၅။ နှောင်းခေတ်တေးပဒေသာ
၅း၃၀ ၆။ ပဋ္ဌာလက်ကျောင်းတော်
၆း၀၀ ၇။ ညနေခင်းသတင်း
၆း၁၅ ၈။ မိုးလေဝသအခြေအနေ
၆း၂၀ ၉။ ရသစုံလင် အင်တာနက်ဥယျာဉ် (ထက်ဝေယံ)
၇း၀၀ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ဖွဲ့မေတ္တာ**(အပိုင်း-၂)
၈း၀၀ ၁၁။ ပြည်တွင်းသတင်း
၁၂။ နိုင်ငံတကာသတင်းများ
၁၃။ မိုးလေဝသအခြေအနေ
၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကိုယ်ရံတော်** (အပိုင်း-၉)
၁၅။ သီချင်းချစ်သူ



# အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းများ

## ညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၄

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကိုသည် ဇန်နဝါရီ ၁၂ရက်က ဆားလင်းကြီးမြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ ဖွင့်လှစ်လျက်ရှိသော အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ် (၁၃)နှင့် အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ် (၉)တို့ကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းကျောင်း အတွင်း သီးပင်၊ စားပင်များ စိုက်ပျိုးထားရှိမှု၊ အိပ်ဆောင်နှင့် စားရိပ်သာများကို ကြည့်ရှုစစ်ဆေးသည်။**

### တက်ရောက်

ဆားလင်းကြီးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသည် စတင်ဖွင့်လှစ်ခဲ့ချိန်မှ ယနေ့အထိ အခြေခံနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း သင်တန်းသူ ၅၃၇ဦး၊ အိမ်တွင်းမှု လက်မှု(ကြိမ်) သင်တန်းသူ ၁၀ဦးနှင့် အိမ်တွင်းမှု လက်မှု(ဝါး) သင်တန်းသူငါးဦးတို့ တက်ရောက် အောင်မြင်ပြီးဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးသည် ယင်းမာပင်မြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသို့ ရောက်ရှိပြီး ဖွင့်လှစ်လျက်ရှိသော အခြေခံနှင့် အဆင့်မြင့်စက်ချုပ် သင်တန်း၊ အိမ်တွင်းမှု လက်မှု(ကြိမ်)၊ (ဝါး) သင်တန်းသူများ၏ သင်ကြားနေမှု၊ စိုက်ပျိုးရေးဆောင်ရွက်ထားရှိမှု၊ စားရိပ်သာနှင့် အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

### ဆက်လက်ဆောင်ရွက်

ယင်းမာပင်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသည် စတင်ဖွင့်လှစ်ခဲ့ချိန်မှ ယနေ့အထိ အခြေခံနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း သင်တန်းသူ ၆၃စဦး၊ အိမ်တွင်းမှု လက်မှု(ကြိမ်) သင်တန်းသူ၂၅ဦးနှင့် အိမ်တွင်းမှု လက်မှု (ဝါး) သင်တန်းသူ ငါးဦးတို့ တက်ရောက်အောင်မြင်ပြီး မိမိဒေသများ၌ အသက်မွေးမှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် ပုလဲမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ဖွင့်လှစ်လျက်ရှိသော အခြေခံနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း သင်ကြားပြသနေမှု၊ သီးပင်၊ စားပင် စိုက်ပျိုးထားရှိမှုနှင့် စားရိပ်သာများကို ကြည့်ရှုစစ်ဆေးသည်။

### တက်ရောက်အောင်မြင်ပြီး

ပုလဲမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသည် စတင်ဖွင့်လှစ်ခဲ့ချိန်မှ ယနေ့အထိ အခြေခံနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း သင်တန်းသူ ၅၆၈ဦးနှင့် အိမ်တွင်းမှု လက်မှု(ကြိမ်) သင်တန်းသူ ၃၀ တက်ရောက်အောင်မြင်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကို ယင်းမာပင်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ ဖွင့်လှစ်သော အခြေခံနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အိမ်တွင်းမှု လက်မှု (ကြိမ်)၊ (ဝါး) သင်တန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

# အေဝမ်းဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**ကျောက်ဆည် ဇန်နဝါရီ ၁၄**

ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် သာလွန်စံပြကျေးရွာ၌ ဒေါ်ကျင်တူး (အေဝမ်းမိသားစု)မှ ကြီးမှူးကျင်းပသည့် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သတ္တမအကြိမ်မြောက် အေဝမ်းဖလား အသက် (၁၉)နှစ်အောက် ကျေးရွာပေါင်းစုံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၄ရက် ညနေ ၃နာရီက သာလွန်ကျေးရွာ ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ ရွာသစ်ကျေးရွာဘောလုံးအသင်းက အေဝမ်းဘောလုံးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။ **(ခရိုင် ပြန်/ဆက်)**

# ဆိပ်ဖြူမြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် ကျင်းပ

**ဆိပ်ဖြူ ဇန်နဝါရီ ၁၄**

မကွေးတိုင်း ဆိပ်ဖြူမြို့နယ် မြို့နယ်အဆင့်ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၅ ရက် နံနက်က ဆိပ်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပသည်။

### တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူး ခင်မောင်ရွှေ၊ မြို့နယ်ပညာရေးမှူး ဦးဗိုလ်ငွေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဆုရကျောင်းသား ကျောင်းသူများနှင့် မိဘများတက်ရောက်ကြသည်။

### ချီးမြှင့်

အခမ်းအနားတွင် ဒုတိယရဲမှူး ခင်မောင်ရွှေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးဗိုလ်ငွေးက ပညာရေးစုံညီပွဲတော် အကြောင်းပြောကြားသည်။ ယင်းနောက်ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးဗိုလ်ငွေးက ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်အကောင်းဆုံးဆုရ အောက်ဆိပ် အထက (ခွဲ) ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ရွှေအား ဂုဏ်ပြုဆုချီးမြှင့်ပြီး ဂုဏ်ထူးရှင်များ၊ စတုတ္ထတန်း၊ အဋ္ဌမတန်းနှင့် တက္ကသိုလ်ဝင်တန်း ပညာရည်ချွန်ဆုများ၊ အင်္ဂလိပ်စာ၊ သင်္ချာ စွမ်းရည်ပြိုင်ပွဲ ဆုများကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများက ဆုများချီးမြှင့်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# မြောက်ပိုင်းဒေသများ၌ ညအပူချိန်တိုးလာ

**နေပြည်တော် ဇန်နဝါရီ ၁၄**

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိလျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ မန္တလေးတိုင်းနှင့်တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**ယနေ့ ညနေအထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

# အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့ တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၄**

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sinohydro Corporation Limited General Manager, Mr. Zhang Guolai နှင့် အဖွဲ့သည် ဇန်နဝါရီ ၁၂ရက် မွန်းလွဲ ၁နာရီက နေပြည်တော်ရှိ ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းများတွင် အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး လုပ်ငန်းများကို ဆွေးနွေးကြသည်။

**တက်ရောက်**

ထိုသို့ဆွေးနွေးရာတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်သန်းဦး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အရှေ့အာရှ အရေးပေါ် ဆန်အရန်ရိက္ခာစီမံကိန်းမှ အထွေထွေမန်နေဂျာ Dr.Mulyo Sidik ဆန်ရိက္ခာများ ထောက်ပံ့လှူဒါန်းစဉ်။ (ကြေးတိုင်/မြေစာရင်း)

## ရှင်းလင်းတင်ပြ

သံတွဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် ရေစင်-လက်မဲ-ပွင့်ဖြေ မြေသားလမ်း ခြောက်ဖာလုံ ဖောက်လုပ်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးခင်မောင်မြင့် ဒီဇင်ဘာ ၁၃ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ရာ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## ထူးခြားသည့် ညအပူချိန်များ

**၁၄-၁-၂၀၁၀**

| | |
|---|---|
| လွိုင်လင်မြို့ | ၃ ဒီဂရီစင်တီဂရိတ် |
| ပူတာအိုမြို့ | ၄ ဒီဂရီစင်တီဂရိတ် |
| မချမ်းဘောမြို့ | ၄ ဒီဂရီစင်တီဂရိတ် |
| အမ်းမြို့ | ၄ ဒီဂရီစင်တီဂရိတ် |

# ဒုတိယအကြိမ် လုပ်အားအတွက် ဆန်ထောက်ပံ့ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၄**

ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ရန်ပုံငွေဖြင့် မြန်မာနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနနှင့် အရှေ့အာရှ အရေးပေါ် ဆန်အရန်ရိက္ခာစီမံကိန်း (East Asia Emergency Rice Reserve) တို့ ပူးပေါင်း၍ ဒုတိယအကြိမ် လှူဒါန်းသည့် လုပ်အားအတွက် ဆန်ထောက်ပံ့ခြင်း (Food for Work) အခမ်းအနားကို ဇန်နဝါရီ ၁၃ရက် နံနက် ၈နာရီခွဲက ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ဂရမ်းကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ ကျင်းပရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်နှင့် တာဝန်ရှိသူများ၊ အရှေ့အာရှ အရေးပေါ် ဆန်အရန်ရိက္ခာစီမံကိန်းမှ အထွေထွေမန်နေဂျာ Dr.Mulyo Sidik နှင့် အဖွဲ့ဝင်များ၊ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် ဘိုကလေးမြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီများ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

**ထောက်ပံ့လှူဒါန်း**

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်နှင့် အဖွဲ့သည် ဂရမ်းကျေးရွာအုပ်စု ရွာသစ်ကျေးရွာနှင့် ကြီးချောင်းကျေးရွာဆက်သွယ်သည့် အရှည် ပေ၉၄၂၀ ရှိ တာပေါင်ကို ဒေသခံလယ်သမား ၁၀၅ဦးဖြင့် တာဖို့လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြပြီး တာဖို့ဆောင်ရွက်ကြသည့် ကျေးရွာများကိုယ်စား သက်ဆိုင်ရာ ကျေးရွာဥက္ကဋ္ဌများထံ ဆန်ရိက္ခာများ ထောက်ပံ့လှူဒါန်းကြသည်။

**အကျိုးကျေးဇူးများရရှိမည်**

အလားတူ ထောက်ပံ့မှုဖြင့် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာအုပ်စု ကျေးရွာ ငါးရွာ၌ သောက်ရေကန် ငါးကန် အသစ်တူးဖော်ခြင်း၊ လပွတ္တာမြို့နယ် ကျေးရွာ ကိုးရွာ၌ သောက်ရေကန် ကိုးကန်တူးဖော်ခြင်းနှင့် ကြိမ်နီကျေးရွာ၌ တာပတ်ခြင်း လုပ်ငန်းများကို ဇန်နဝါရီ ၁ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းအားလုံး ဖေဖော်ဝါရီ ၁၅ရက်တွင် ပြီးစီးမည်ဖြစ်ပြီး ဒေသခံပြည်သူများအတွက် သောက်သုံးရေ ရရှိခြင်း၊ လယ်မြေများ ရေငန်ဝင်ရောက်မှုမှ ကာကွယ်ခြင်းစသော အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၃ရက်က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ရွှေကူမြို့နယ် အမှတ်(၄) ရပ်ကွက်ရှိ အကျယ် ၁၂ပေ၊ လမ်းအရှည်ပေ ၂၁၅၀ရှိ ကတ္တရာလမ်းသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်အောင်နီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၇၉)

# ရန်ကုန်မီဒီယာဂရု(ပ်) နှစ်ပတ်လည်အခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၄**

ဖလားဝါးနယူးစ်နှင့် ရန်ကုန်တိုင်းမ်ဂျာနယ်များ အပတ်စဉ်ထုတ်ဝေနေသော ရန်ကုန်မီဒီယာဂရု(ပ်)၏ ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ဇန်နဝါရီ ၁ရက် ညနေ ၆နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် စာနယ်ဇင်းအသီးသီးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ရှေးဦးစွာ ရန်ကုန်မီဒီယာဂရု(ပ်) အမှုဆောင်အရာရှိချုပ် ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်မီဒီယာဂရု(ပ်) အမှုဆောင်အရာရှိချုပ်ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)နှင့် တာဝန်ရှိသူများက ၂၀၀၉ခုနှစ် ရန်ကုန် မီဒီယာဂရု(ပ်)မှ ဝန်ထမ်းများအား နှစ်ပတ်လည်ဆုကြေးငွေနှင့် နယ်သတင်းထောက်များအား လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

**ဆုချီးမြှင့်**

ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်မီဒီယာဂရု(ပ်)၏ ၂၀၀၉ ခုနှစ် အကောင်းဆုံး ဝန်ထမ်းဆုရ ဦးအောင်မျိုးဝင်း(အယ်ဒီတာ)၊ အကောင်းဆုံး သတင်းထောက်ပထမဆုရ ဦးဇော်ထိုက်လင်းဦး (သတင်းထောက်)နှင့် ဆုရရှိသူများအား ဆုများကိုပေးအပ်ချီးမြှင့်ကြပြီး ဝန်ထမ်းများအား ကံစမ်းမဲဖောက်ပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဖလားဝါးနယူးစ်နှင့် ရန်ကုန်တိုင်းမ်ဂျာနယ်များ အပတ်စဉ် ထုတ်ဝေသော ရန်ကုန်မီဒီယာဂရု(ပ်)၏ ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည်နေ့တွင် အမှုဆောင်အရာရှိချုပ်ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)က ၂၀၀၉ ခုနှစ် ရန်ကုန် မီဒီယာဂရု(ပ်)မှ ဝန်ထမ်းများအား နှစ်ပတ်လည်ဆုကြေးငွေများကို ပေးအပ်စဉ်။ (သတင်းစဉ်)

# TV Guide သောကြာနေ့တိုင်း ဖတ်ရှုနိုင်ပြီ

**ရန်ကုန် ဇန်နဝါရီ ၁၄**

ဇန်နဝါရီ ၁၅ရက် (သောကြာနေ့)တွင် ဖြန့်ချိမည့် TV Guide အတွဲ(၁)၊ အမှတ်(၂၈)၌ စာမျက်နှာလေးမျက်နှာတိုးထားပြီး Channel V ရုပ်သံလိုင်း၌ ပြသမည့် Chosen One အစီအစဉ်တွင် KRIS ALLEN, ADAMLAMBERT, ALLISON IRAHETA တို့အကြောင်း၊ MTV ရုပ်သံလိုင်းတွင် ထုတ်လွှင့်မည့် သီချင်းနားထောင်ပြီး Date ကြမည့် Sorce အပိုင်း ၁၊ The Osbournes အပိုင်း၄၊ MTV ကြည့်ရင်း ကာရာအိုကေဆိုနိုင်မည့် OK KARAOKE အစီအစဉ်၊ ၁၆နှစ်အရွယ် မိန်းကလေးများမီးဖွားပြီး တွေ့ကြုံရတဲ့လူမှုဒုက္ခများကို တင်ဆက်မည့် 16 AND PREGNANT အစီအစဉ်၊ STAR WORLD ရုပ်သံလိုင်းတွင် ပြသမည့် GOLDEN GLOBE AWARDS အစီအစဉ်၊ ESPN, STAR SPORTS ရုပ်သံလိုင်းတွင်ပြသမည့် Australia Open၊ Heinken Open ပွဲစဉ်များအကြောင်း၊ မန်ယူ-ဘန်လေ၊ အဲဗာတန်-မန်စီးတီး၊ ဘော်လ်တန်-အာဆင်နယ်၊ စတုတ်စီးတီး-လီဗာပူး၊ ဗီလာ-ဝက်စ်ဟမ်း၊ ချယ်လ်ဆီး-ဆန်းဒါးလန်း ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ Net Geo WILD ရုပ်သံလိုင်းတွင် နဂါးများလိုက်ရှာနေသည့် DRAGON CHRONICLES အစီအစဉ်၊ Travel & Living ရုပ်သံလိုင်းတွင် ပြသမည့် ကင်မရွန်းနိုင်ငံ သွားရောက်မည့် GLOBE TRAKKER 10; CAMEROON အစီအစဉ်၊ မြန်မာစာတန်းထိုး NGC ရုပ်သံလိုင်းအစီအစဉ်များ၊ Discovery ရုပ်သံလိုင်းတွင် ကြည့်ကြရမည့် ENGINEERING THRILS အစီအစဉ်နှင့် အင်္ဂါဂြိုဟ်ပေါ်တွင် သက်ရှိ ရှိမရှိလေ့လာကြသည့် LIFE ON MARS အစီအစဉ်၊ ရှေးခေတ်ကတည်းက ရှိနေခဲ့သည့် မျက်နှာခွဲစိတ်ပြုပြင်သည့် ANCIENT PLASTICS SURGERY အစီအစဉ်၊ အရိုးနဲ့တွေ့ဆုံထားတဲ့ ရောက်တတ်ရာရာ ထုတ်လွှင့်မည့် Mandalay FM၊ ဓာတ်ပုံထဲမှအမှတ်တရများအစီအစဉ်တွင် ကြည့်ရမည့် သဇင်၊ ဘဝများ အစီအစဉ်တွင် ကြည့်ရမည့် မင်းသမီးရှမဝ၊ စတိုင်ရှိမှ စတားဖြစ်မယ် အစီအစဉ်များအပြင် Fashion Music Festival အကြောင်းများပါဝင်ပြီး ပါဝင်နေကျ ကဏ္ဍများ၊ တစ်ပတ်စာ အစီအစဉ်များ ပါဝင်သည်။

TV Guide စာစောင်ကို တစ်စောင်လျှင် ကျပ်၅၀၀နှုန်းဖြင့် City Mart များ၊ စိန်ဂေဟာစင်တာများ၊ Shopping Centre များ၊ စာအုပ်ဆိုင်များ၊ ဂျာနယ်ဆိုင်များတွင် ဝယ်ယူနိုင်ကြောင်းနှင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် အိမ်တိုင်ရာရောက် အစီအစဉ်ရှိနေပြီဖြစ်ကြောင်း၊ TV Guide ရုပ်မြင်သံကြားလမ်းညွှန်ကို Novel Light Express (Tel; 391186, 243893) ဖြန့်ချိရေးက ဖြန့်ချိလိုက်ပြီဖြစ်ရာ အပတ်စဉ် သောကြာနေ့တိုင်း စောင့်မျှော်ဖတ်ရှုနိုင်ပြီဖြစ်သည်။ (သတင်းစဉ်)

## နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

**(စနေနေ့)**

**(နံနက်+နေ့လယ်+ည)**

**၁၆-၁-၂၀၁၀**

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅ တရားတော် (ပုဗ္ဗဏှသုတ်) ဓမ္မပူဇာတေးပဒေသာ
၇း၂၀ (၃၈)ဖြာမင်္ဂလာ
၇း၂၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိ အသိရှိစေဖို့ (အငြိုးမှ ပူပန်ခြင်းမီးသို့)
၈း၅၀ တေးပဒေသာ
၉း၃၀ ဘဝအသွင် ကဗျာ့အမြင် (ကျေးဇူးနံနက်) တေးပဒေသာ
၉း၄၅ အာဆီယံအစီအစဉ်
၁၀း၀၀ မွေးနေ့လက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၄၀ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၁၀ ကလေးအစီအစဉ်- ကလေးများအတွက် တေးသီချင်း-မြန်မာ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅ ဇာတ်လမ်းပမာ နားဆင်စရာ (အကျည်းတန်ချစ်သူ) တေးပဒေသာ
၁၂း၀၀ စံတော်ချိန် ချစ်ခြင်းဖြေသိမ့် တေးသံငြိမ့်(၃၂) တေးပဒေသာ
၁၂း၂၀ ယဉ်ကျေးမှု အနုပညာ (ကျေးလက် အလှူပွဲများနှင့် မြန်မာ့စိတ်ရင်း)
၁၂း၃၀ ဟန်မျိုးစုံညီ တေးကိုသီ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ ပညာရေးအစီအစဉ် (တတိယတန်း-သင်္ချာ) တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။

၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ လေလှိုင်းကြားက ပွဲတင်သံ
၁၇း၁၅ တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ခေတ်မရွေးသောတေးများ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွေးသီ တေးပန်းချီ
၁၈း၃၅ Radio Internet (09)
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ တေးပဒေသာ
၁၉း၁၅ သူ့အကြိုက် သူ့အသွင် (ဖြူဖြူကျော်သိန်း)
၁၉း၃၀ ကျန်းမာရေးရာ သိကောင်းစရာ (အစားအစာနှင့် ကိုယ်အလေးချိန်ချခြင်း) တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ သံစဉ်တေးသွား မေတ္တာစကား စီးပွားရေးဦးတည်ချက်
၂၀း၃၀ သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ(၄)
၂၀း၄၅ ညချမ်းချိန်ခါ တေးပဒေသာ
၂၁း၀၀ ချိုချစ်ဖွယ် အင်္ဂလိပ် တေးသီချင်းကဏ္ဍ
၂၁း၁၅ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

## အမြို့မြို့ အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဇန်နဝါရီ ၁၄

### သာစည်မြို့နယ် ကွမ်းခြံရိုးကျေးရွာ၌ စာကြည့်တိုက်ပန္နက်တင်

*သာစည်မြို့နယ် ကွမ်းခြံရိုးကျေးရွာတွင် နိုင်ငံတော်မတည်ငွေဖြင့် တည်ဆောက်မည့် ကျေးရွာစာကြည့်တိုက်အဆောက်အအုံအတွက် ပန္နက်တင်ပွဲကို ဒီဇင်ဘာ ၂၂ရက်က အဆိုပါကျေးရွာ၌ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးထွန်းထွန်းဦး၊ မြို့နယ် ပြန်/ဆက် ဦးစီးမှူး ဦးဝင်းတင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်မောင်တို့ကပန္နက်တင်ပေးကြသည်။*

(ဝ၉၄)

### မတ္တူပီစည်ပင်သာယာ ရေပြွန်တံတား တည်ဆောက်

*မတ္တူပီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သည့် မတ္တူပီ-ဝေသူးကျေးလက်လမ်း ရေပြွန်တံတားဆောက်လုပ်ခြင်းကို အမှုဆောင်အရာရှိ ဦးလှိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကံလင်းတို့ ကြီးကြပ်တည်ဆောက်လျက်ရှိသည်။*

(ပြည်နယ် ပြန်/ဆက်)

### တီးတိန်မြို့မရပ်ကွက် ကတ္တရာလမ်းသစ်ဖွင့်

*(၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဖောက်လုပ်ခဲ့သော တီးတိန်မြို့ မြို့မရပ်ကွက် မြို့မဈေးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက်က ကျင်းပသည်။*

(ပြည်နယ် ပြန်/ဆက်)

### အိုင်အိုဒင်းဆားရောင်းချမှု ညောင်လေးပင်၌စစ်ဆေး

*ညောင်လေးပင်မြို့မဈေးအတွင်း ရောင်းချလျက်ရှိသောဆိုင်များမှအိုင်အိုဒင်းဆားရောင်းချမှုရှိမရှိကို ဒီဇင်ဘာ ၃၁ရက်က ဒုတိယဦးစီးမှူး(ဈေး) ဦးခင်မောင်အေးနှင့် ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ဈေးအတွင်း လှည့်လည်စစ်ဆေးကြသည်။*

(မြို့နယ်စည်ပင်)

### ဝိုင်းမော်မြို့ (၁၉)လမ်း ကျောက်ချောခင်း

*ဝိုင်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် အမှတ်(၁၉)လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၅ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးယုန်ဖုဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးငွေးလွင်စိုး ကြီးကြပ်ပေးသည်။*

(မြို့နယ်စည်ပင်)

### ကျောက်မဲ၌ တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုသ

*ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်လေး၏ ကြီးကြပ်ဦးဆောင်မှုဖြင့် လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် တိုင်းရင်းဆေးဆရာအသင်းတို့ ပူးပေါင်းဆောင်ရွက်သော အခမဲ့ဆေးကုသခြင်းကို ဒီဇင်ဘာ ၂၂ရက်မှ ၂၄ရက်အထိ ကျောက်မဲမြို့နယ် မေတ္တာမွန်ခန်းမ၌ ဆောင်ရွက်ခဲ့သည်။*

(တိုင်းရင်းဆေး)

### စာဌားကတ်စနစ်ကျင့်သုံးရေး စဉ့်ကိုင်တွင် ဆွေးနွေး

*စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ထွေးနှင့် ဝန်ထမ်းများသည် လက်ဝဲကျေးရွာ ဇဟုမင်္ဂလာစာကြည့်တိုက်၊ ကုန်းနီကျေးရွာ ရှေ့ဆောင်စာကြည့်တိုက်များသို့ သွားရောက်ပြီး စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စံ(၅)ချက်နှင့်အညီ စာကြည့်တိုက်များဖြစ်ရေးနှင့် စာဌားကတ်စနစ်ကျင့်သုံးရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။*

(မြို့နယ် ပြန်/ဆက်)

### စုပေါင်းလမ်းလျှောက်ပွဲ ပြင်ဦးလွင်၌ စုပေါင်းဆင်နွှဲ

*ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် ဒီဇင်ဘာအားကစားလ (စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၅နာရီက ပြင်ဦးလွင်မြို့နယ်အားကစားကွင်းစုရပ်မှ မန္တလေး-လားရှိုး လမ်းမကြီး၊ မြို့ပတ်လမ်း၊ သစ်ဆိုင်လမ်းနှင့် ရွှေစည်းခုံလမ်းများအတိုင်း ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးအောင်မြင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးအေးလွင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ ပါဝင်ဆင်နွှဲကြသည်။*

(ခရိုင် ပြန်/ဆက်)

### မြို့တွင်းလမ်းများကောင်းမွန်ရေး မြစ်ကြီးနား၌ဆောင်ရွက်

*မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းရပ်ကွက်လမ်းများ သွားလာမှုကောင်းမွန်ချောမွေ့စေရန် လူ၊စက်၊ယန္တရားများဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မော်မော်သိန်းကြီးကြပ်သော လမ်းလုပ်သားများသည် တပ်ကုန်းရပ်ကွက် စံပြလမ်း လမ်းပေါက်များကို ပြုပြင်ဖာထေးလျက်ရှိသည်။*

(မြို့နယ် ပြန်/ဆက်)

### ဗန်းမော်စည်ပင် မြို့သန့်ရှင်းသာယာရေးဆောင်ရွက်

*ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၆ရက်က ဗန်းမော်မြို့ဝင်မုခ်ဦးအတွင်း ပန်းအလှပင်များစိုက်ပျိုးခြင်း၊ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းဆောင်ရွက်နေမှုကို အငယ်တန်းအင်ဂျင်နီယာ-၂ ဦးစိန်မောင်မြင့်က ကြီးကြပ်ဆောင်ရွက်သည်။*

(ခရိုင် ပြန်/ဆက်)

## စိန်လင်း (ခွဲစိတ်နှင့် ကင်ဆာပါရဂူ)၏ အနန္တနယ သမန္တပဋ္ဌာန်းတရားတော်စာအုပ် ထုတ်ဝေဖြန့်ချိ

နေပြည်တော် ဇန်နဝါရီ ၁၄

စာရေးသူ စိန်လင်း (ခွဲစိတ်နှင့် ကင်ဆာပါရဂူ)၏ အနန္တနယ သမန္တပဋ္ဌာန်းတရားတော် စာအုပ်ကို ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။ **(ဝဲပုံ)**

စာရေးသူက မဟာသမုဒ္ဒရာပမာ နက်နဲကျယ်ဝန်းလှတဲ့ ပဋ္ဌာန်းတရားတော်ကို မြန်မာလို ရှင်းရှင်းလင်းလင်း နားလည်ပြီး ပြည်တွင်းပြည်ပမှာ ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့စေချင်တာရယ်၊ လောကမှာ "ငါ"၊ "သူတစ်ပါး"၊ "ယောကျ်ား"၊ "မိန်းမ" ဆိုတာ ပရမတ်သဘောအရမရှိဘဲ အားလုံးဟာ အနတ္တပါလို့ အရှိကိုအရှိအတိုင်း သိသွားစေဖို့ရယ်၊ ဘဝမှာကြုံတွေ့နေရတဲ့ အကောင်းအဆိုးဖြစ်ရပ်တွေဟာ သူ့အလိုလိုမဟုတ်ဘဲ၊ မည်သူမပြု မိမိမှုဆိုတဲ့ အကြောင်းတရားများစွာရှိလို့သာ အကျိုးတရားတွေ (Multiplicity of causes and effects) ဖြစ်လာတယ်ဆိုတာတွေကို သိစေဖို့ ရေးသား ထုတ်ဝေလိုက်ရခြင်းဖြစ်ကြောင်း အသိပေးထားသည်။

**ဖြန့်ချိ**

အဆိုပါစာအုပ်ကို ယုံကြည်ချက်စာပေ အမှတ်(၁၁၁) ၃၃လမ်း ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိပြီး စာအုပ်တန်ဖိုးမှာ ငွေကျပ် ၂၀၀၀ ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## စည်ပင်သာယာစက်ရေတွင်း သန်လျင်၌ဖွင့်

သန်လျင် ဇန်နဝါရီ ၁၄

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပေါ်ရပ်ကွက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိစေရေးအတွက် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သည့် အောင်ချမ်းသာ(၂)ရပ်ကွက် နှစ်လက်မစက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ရက်က အဆိုပါစက်ရေတွင်းနေရာ၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အစီအစဉ်အရ စက်ရေတွင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဘိုထွန်းနှင့် သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**(မြို့နယ်စည်ပင်)**

### ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၄ရက်က မြို့နယ်အားကစားခန်းမ၌ ကျင်းပရာ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမရရှိသွားသော အမှတ်(၁)ရပ်ကွက်အသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးစန်းလှိုင်က ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

### ပညာရည်ချွန်ဆုချီးမြှင့်

၂၀၀၈-၂၀၀၉ ပညာသင်နှစ် ရန်ကင်းအမက (၁၁)(လ/ခွဲ) ကျောင်းပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးထွန်းဝင်းက သူငယ်တန်း၌ ပထမဆုရရှိသော မောင်ကျော်မော်ဦးအား ပညာရည်ချွန်ဆု ပေးအပ်စဉ်။

(ပညာရေး)

## စိုက်ပျိုးရေးသိပ္ပံ ကျောင်းသားကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ကန်တော့ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

စိုက်ပျိုးရေးသိပ္ပံ ကျောင်းသားကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ် ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ဇန်နဝါရီ ၄ရက်က ဗဟန်းမြို့နယ် မြေပဒေသာကျွန်းရှိ စိုက်ပျိုးရေးပြတိုက်၌ကျင်းပရာ ရှေးဦးစွာဆရာကြီးဦးသန်းညွှန့်အား ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူဟောင်းများက ကန်တော့ကြသည်။ ထို့နောက် အပူဇော်ခံ ဆရာကြီး ဆရာမကြီး ၁၅ဦးအား ကန်တော့လက်ဆောင်ပစ္စည်းပေးအပ်ပြီး ဦးစက်ရေး (အောင်သာစက်မှုလက်မှု)က ကန်တော့ချီးတိုင်ပေး၍ စုပေါင်း ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ ကျောင်းသားကျောင်းသူဟောင်းများက ကွယ်လွန်ခဲ့ပြီးသော ဆရာကြီးများအား မေတ္တာပို့ကုသိုလ်အမျှပေးဝေကြပြီး ဆရာကြီးတစ်ဦးချင်းစီက ဩဝါဒနှင့် ဆုပေးစကားပြောကြားကာ ကျောင်းသားဟောင်းများဖြစ်ကြသော ဦးပြေငြိမ်း(အထွေထွေမန်နေဂျာ-ငြိမ်း၊စိုက်ပညာ)၊ ဒေါက်တာဦးမြင့်သောင်း(ပါမောက္ခချုပ်၊စိုက်ပျိုးရေးတက္ကသိုလ်)၊ ဦးလှတင်(ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးသုတေသနဌာန၊ရေဆင်း)နှင့် ဦးရဲရွှေ (1st Betch) တို့က ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။

**(၁၃၅)**

## ရွှေ့ရှိတဲ့အချစ်များ အပြိုင်မရှိ ပြသ

**ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)**

ရန်ကုန် ဇန်နဝါရီ ၁၄

**ရွှေမင်းသမီး ရုပ်ရှင်ထုတ်လုပ်ရေးမှ ကိုသက်၊မစန္ဒီတို့၏ ပွဲဦးထွက်လက်ရာ ရွှေ့ရှိတဲ့အချစ်များဇာတ်ကားမှာ ဒုတိယပတ်မြောက်အထိ အပြိုင်မရှိပြသနေဆဲ ဖြစ်သည်။**

**ရွှေ့ရှိတဲ့အချစ်များ**

ဇာတ်လမ်းမှာ ကိုယ်ကာယအလှသင်တန်းပိုင်ရှင် လူပျိုကြီးကိုကိုနိုင်မှာ ဥစ္စာပေါရုပ်ချောမို့ အများ၏စိတ်ဝင်စားခြင်းခံရသည်။ လူအများ၏ စိတ်ဝင်စားခြင်းခံရသဖြင့် ပြဿနာကင်းအောင် မိန်းမရှိသယောင် အိမ်ထောင်သည်ဟန်ဆောင်သည်။ အိမ်ထောင်ရှိသူကိုမှ ချစ်မိသူ မိုးနန္ဒာနှင့်တွေ့သောအခါ အရှုပ်ထုပ်က ရှင်းမရအောင် ရှုပ်ကုန်တော့သည်။ လောကတွင် မျှော်လင့်ထားသလိုဖြစ်မလာဘဲ မျှော်လင့်မထားတာတွေလည်းဖြစ်လာတတ်ကြောင်း ဟာသနှောကာ တင်ပြထားသော ဟာသဇာတ်မြူးကားဖြစ်သည်။ **ရွှေ့ရှိတဲ့အချစ်များ** ဇာတ်ကားကို သမ္မတ၊ သွင်နှင့်မင်္ဂလာရုံများတွင် ကြည့်ကြရမည်ဖြစ်သည်။

**နိုင်ငံခြားဇာတ်ကားသစ်များ**

ရွှေဆောင်ရုံတွင် အိန္ဒိယနိုင်ငံနှင့်အပြိုင် ပြသနေသော **3 idiots** လူနောက်သုံးယောက် အိန္ဒိယဇာတ်ကားပြသနေပြီး နေပြည်တော်ရုံတွင် အနာဂတ်စိတ်ကူးယဉ်ဂြိုဟ်သားဇာတ်ကား **Avatar** ဆက်လက်ပြသနေဆဲဖြစ်သည်။

**အိန္ဒိယဇာတ်ကားများ**

မြို့မတန်းမြင့်ရုံတွင် မင်းသားအာဂျေးကူးမား အဓိကပါဝင်ထားသော **Billa** အက်ရှင်ဇာတ်ကားသစ် ဆက်လက်ပြသနေသည်။ မလေးရှားတွင် အခြေချလှုပ်ရှားနေသော နိုင်ငံတကာက အလိုရှိနေသည့် ရာဇဝတ်ကောင်ဘီလားအား ဖမ်းဆီးသည့်အကြောင်း ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

ရွှေ့ရှိတဲ့အချစ်များ ဇာတ်ကားမှ ခန့်စည်သူနှင့် အိန္ဒြာကျော်ဇင်။

**အတ္တပုံရိပ်**

ဒါရိုက်တာ မောင်မောင်မြင့်လွင် ရိုက်ကူးပြီး မင်းရဲဆက်၊ ကျော်ကျော်ဗို၊ ပုလဲဝင်း၊ မေသက်ခိုင်တို့ပါဝင်ထားသော အက်ရှင်အဆင့်မြင့် **အတ္တပုံရိပ်** မြန်မာဗီဒီယိုဇာတ်ကားမှာ နဝဒေး၊ မဟာမြိုင်နှင့် ဝဇီရာ(၂)ရုံများတွင် ရုံဝင်လာသည်။ ။

**(မြန်မာ့အလင်း)**

လုပ်ငန်းရှင်အတွင်း **Business Annual Operating Plan** ရေးဆွဲပြီး ... 

**Total System Management (TSM) Training Of the 21st Century**

(၂၁) ရာစု လုပ်ငန်းရှင်တစ်ဦး၏ နည်းစနစ်ပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း

[illegible]

Prof. Dr. Aung Tun Thet
Senior Advisor
UN Resident
Coordinator (Myanmar)

U Tin Zan Kyaw
Managing Director
Device Services Co., Ltd.

Honorable Speaker : Prof. Dr. Aung Tun Thet
Main Speaker : U Tin Zan Kyaw (Device)

| | |
|---|---|
| Venue | Myanmar Info-Tech |
| Date | 16 - 17, Jan, 2010 |
| Time | 8:00 am - 5:00 pm |
| Fees | Ks. 80,000/- |

Device Business Management Academy

Building (A-3-2), Room (3B) Myanma Gon Yi Housing, Upper Pansodan Street, Mingalar Taung Nyunt Township,Yangon. Fax : 951-391274.
Tel; 01-393318 (Hot Line), Tel ;01-393068, 01- 4412598, H.P : 09-99 25827, 09-514 0916, 09-503 5013, 09-518 8195, 09-511 1758 E-mail: device120@gmail.com.



[illegible]



### ဇနီးအဖြစ်မှမသက်ဆိုင်တော့ပါကြောင်း

ကျွန်တော်၏ ဇနီးဖြစ်သူ မအေးသီတာဝင်း ၁၂/သကတ(နိုင်)၁၆၂၇၃၆သည် ခွင့်မလွှတ်နိုင်သော လူမှုရေး၊ စီးပွားရေးကိစ္စများကိုလုပ်ဆောင်ပြီး မိမိသဘောဆန္ဒ အလျောက်နေအိမ်မှဆင်းသွားပါသဖြင့် နောက်နောင် ငွေနှင့်ပတ်သက်၍ မည်သည့် ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **နေဝင်း ၁၂/ သကတ(နိုင်)၁၂၅၂၅၁။**



**အမည်ပြောင်း**

အင်းစိန်မြို့နယ် အောင်ဆန်း အောက်မင်္ဂလာဒုံ-၃နေ ဦးအောင်တိုးညွန့် ၁၂/သကတ(နိုင်)၀၉၁၇၉၁၏သား အထက(၃)အင္ဂမတန်းမှ မောင်စည်သူဖြိုးအား မောင်သော်ဇင်ဖြိုးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်သော်ဇင်ဖြိုး။**

## စစ်ကိုင်းမြို့နယ် ပညာရေးစုံညီပွဲတော်
## အထက(၁)၌ကျင်းပ၊ ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်

**စစ်ကိုင်း ဇန်နဝါရီ ၁၄**

စစ်ကိုင်းမြို့နယ် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်မြင့်သန်းနှင့် မြို့နယ်ပညာရေးမှူး ဦးကြည်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ကြသည်။ **(အပေါ်ပုံ)**

**အမှာစကားပြောကြား**

ငှင်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက စုံညီပွဲတော် တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ခရိုင် ဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကား ပြောကြားသည်။

**ဆုများချီးမြှင့်**

ဆက်လက်၍ ပညာသင်နှစ် အတွင်း ဘက်စုံပညာ ထူးချွန်ဆု ရရှိသော ကျောင်းသား ကျောင်းသူ များအား တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ကြပြီးနောက် တက်ရောက်လာကြသူများက ပြသထားသော မှတ်တမ်းဓာတ်ပုံပြကွက်များကို လှည့်လည် ကြည့်ရှုကြသည်။

**(ခရိုင် ပြန်/ဆက်)**

## ကြို့ပင်ကောက်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စည်းဝေး

**ကြို့ပင်ကောက် ဇန်နဝါရီ ၁၄**

ပဲခူးတိုင်း (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီ အစည်းအဝေးကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ ဇန်နဝါရီ ၉ရက် နံနက် ၉နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ (ကိုယ်စား)အဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်အုန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်း (သက်နိုင်-ကြို့ပင်ကောက်)က မျက်နှာစုံညီ အစည်းအဝေးနှင့် ပတ်သက်၍ ထပ်မံရှင်းလင်းပြောကြားသည်။**(အပေါ်ပုံ)**

**ရွေးချယ်**

ဆက်လက်၍သဘာပတိ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ဦးအေးမြင့်က အမှာစကား ပြောကြားပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ အမှုဆောင်အဖွဲ့ကိုရွေးချယ်ရာ ဥက္ကဋ္ဌအဖြစ် ဦးကျော်ဝင်း (သက်နိုင်-ကြို့ပင်ကောက်)၊ အတွင်းရေးမှူးအဖြစ် ဦးဇော်ဝင်း (စမ်းသီတာ)၊ ဘဏ္ဍာရေးမှူးအဖြစ် ဦးမြတ်ဆွေ (ကိုမြတ်-ဓာတ်ပုံ)၊ အလုပ်အမှုဆောင်များအဖြစ် ဒေါ်သန်းဆွေ(ချောသန့်စင်-ကြို့ပင်ကောက်)၊ ဒေါ်တင်သိန်း (ပန်းမြနဒီ)တို့အား ရွေးချယ်ကာ စာပေနှင့် စာနယ်ဇင်း ညီလာခံ ကိုယ်စားလှယ်အဖြစ် ဥက္ကဋ္ဌဦးကျော်ဝင်း(သက်နိုင်-ကြို့ပင်ကောက်)အား ရွေးချယ်ကြောင်း သိရသည်။

**(၁၈၀)**

## သာယာဝတီမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

**ရန်ကုန် ဇန်နဝါရီ ၁၄**

သာယာဝတီမြို့နယ် အသင်း၏ (၃၂)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ဇန်နဝါရီ ၃၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီက စမ်းချောင်းမြို့နယ် ဗားကရာလမ်း ကျွန်းတောကျောင်း တိုက် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မြို့နယ်သားများ တက်ရောက်ကြပါရန်နှင့် ၂၀၁၀ခုနှစ် ဇန်နဝါရီတွင် အသက်(၇၅)နှစ် ပြည့်သူ အသင်းဝင်များ၊ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ အသင်းဝင်များ၏ သားသမီးများ၊ လှူဒါန်းလိုသူ အလှူရှင်များအနေဖြင့် အလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ကိုသက်မော်ဦး ဖုန်း-၃၉၆၉၉၈ (လိုင်းခွဲ -၂၀၆၀)နှင့် အသင်းအတွင်းရေးမှူး ကိုထွန်းမြတ် ဖုန်း-၀၉-၅၀-၃၅၄၀၄တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



**မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုလုပ်ငန်းဖြစ်သော ဝိန်းနေ-ဝိန်းကောင်းလမ်း ကျောက်ချောခင်းခြင်းကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီးဦးအေးချိုနှင့်အဖွဲ့ ဇန်နဝါရီ ၅ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ဝင်းမောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်တို့က ရှင်းလင်းတင်ပြကြစဉ်။**

(ခရိုင် ပြန်/ဆက်)

## အလက(၁) မင်္ဂလာဒုံ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲ

*ရန်ကုန် ဇန်နဝါရီ ၁၄*

*ယခင် အလက(၁)မင်္ဂလာဒုံ ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ အခမ်းအနားကို မတ် ၂၇ရက် (တပ်မတော်နေ့) နံနက် ၉နာရီတွင် (ယခင်အလက-၁) ယခုအထက(၅) မင်္ဂလာဒုံ၌ ကျင်းပမည်ဖြစ်ရာ ၁၉၆၇ခုနှစ်မှ ၁၉၈၇ခုနှစ်အထိ အလက(၁) မင်္ဂလာဒုံ၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)အထက် အငြိမ်းစားဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဆက်သွယ်ကြရန်နှင့် အလှူငွေများ ထည့်ဝင်လိုပါက ဦးရဲထွဋ် ဖုန်း-၀၉-၅၁-၈၀၁၇၄၊ ဦးစိန်ဝင်း ဖုန်း-၀၉-၈၀-၃၁၄၀၁၊ ဦးမြင့်သွင် ဖုန်း-၆၃၆၇၉၁၊ ၆၃၇၁၃၆၊ ဒေါ်ချိုနွယ်ဦး ဖုန်း-၀၉-၈၀-၂၁၄၃၉၊ ဒေါ်ကေသီလှိုင် ဖုန်း-၀၉-၅၁-၈၇၈၇၅၊ ဒေါ်စံစံအောင် ဖုန်း-၀၉-၅၀၃၅၉၈၄၊ ဒေါ်ယဉ်ရွှေ ဖုန်း-၆၃၅၀၁၉၊ ဒေါ်သိန်းသိန်းအေး ဖုန်း-၆၁၁၃၄၁၊ ဦးမောင်မောင်သော် ဖုန်း-၆၉၉၁၄၆နှင့် ဦးဇော်လင်း ဖုန်း-၀၉-၅၁၅၂၈၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။*

*(မြန်မာ့အလင်း)*

**ဇန်နဝါရီ ၄ရက်က ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို မြို့နယ်အဖွဲ့ရုံးခန်း၌ ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးထွန်းမြင့်(ငြိမ်း)က အမှာစကားပြောကြားစဉ်။**

(မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့)

## စစ်ကွင်းအထက မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် ဇန်နဝါရီ ၁၄**

ပဲခူးတိုင်း စစ်ကွင်း အထက၏ (၂၉)ကြိမ်မြောက် အာစရိယ ပူဇော်ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများ၏ မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၈နာရီတွင် အထက ရွှေရတုခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသက်(၆၀)အထက် အငြိမ်းစား ဆရာကြီး ဆရာမကြီးများနှင့် ရပ်နီး ရပ်ဝေးမှ ကျောင်းသား ကျောင်းသူများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ လှူဒါန်းလိုသူများသည် မိမိတို့နှင့်နီးစပ်ရာ စစ်ကွင်းအသင်း(ရန်ကုန်) အမှုဆောင်အဖွဲ့ဝင်များသို့ လည်းကောင်း၊ ဦးသန်းစိန် ဖုန်း- ၅၄၈၇၀၁၊ ဦးခင်ကြွယ် ဖုန်း- ၅၃၄၁၂၈၊ ဦးဝင်းမောင် ဖုန်း- ၅၂၅၀၄၀၊ ဦးတင်ဝင်း ဖုန်း- ၅၂၅၁၈၃၊ ဦးတင်အောင် ဖုန်း- ၇၀၆၈၀၂၊ ဒေါ်စန္ဒာမြင့် ဖုန်း- ၀၉၅၁၃၂၂၃၄၊ ဒေါ်ရင်ရင်မြ ဖုန်း-၃၈၄၄၇၂နှင့် ဦးကြင်စိန်(စစ်ကွင်း) ဖုန်း-၀၅၃-၃၀၃၄၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ ဖေဖော်ဝါရီ ၁၂ရက် နံနက် ၇နာရီတွင် မြေနီကုန်း ရွှေမန်းရပ်ရှင်ရုံရှေ့နှင့် နံနက် ၇နာရီခွဲ တွင် အင်းစိန် ဘီအိုစီကွေ့မှ မော်တော်ယာဉ်များ ထွက်ခွာမည်ဖြစ်သည်။ လိုက်ပါလိုသူများ အမည်စာရင်းကို ဖေဖော်ဝါရီ ၆ရက် နောက်ဆုံးထား၍ အချိန်မီပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

**(၁၂၅)**

**စေတုတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့တွင်းကတ္တရာ လမ်းပေါက်များ ပြုပြင်ဖာထေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးရာအမှုဆောင်အရာရှိ ဦးအောင်ရွှေက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

**နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် မီးဘေးကြိုတင် ကာကွယ်ရေး သရုပ်ပြလေ့ကျင့် ဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၂၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



# ဆူရီနမ်နိုင်ငံ ဆိုသည်မှာ . . . .

နိုင်ငံတကာသတင်းအက်ဆေး

ဆူရီနမ်နိုင်ငံသည် တောင်အာဖရိကတိုက် မြောက်ဘက်ကမ်းခြေ၌ တည်ရှိသည်။ ဒတ်ချ်ဂိုင်ယာနာဟု တစ်ချိန်ကခေါ်တွင်ခဲ့သည့် ဆူရီနမ်နိုင်ငံသည် တောင်အာဖရိကတိုက်မှ နိုင်ငံငယ်ကလေးတစ်နိုင်ငံဖြစ်သည်။ လူနေမှုအဆင့်မြင့်သော်လည်း နိုင်ငံရေးနှင့် စီးပွားရေး စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရသည်။

၁၉၇၅ခုနှစ်တွင် နယ်သာလန်နိုင်ငံလက်အောက်မှ လွတ်လပ်ရေးရပြီးကတည်းက ဤနိုင်ငံ၌ အာဏာသိမ်းမှုများနှင့် ပြည်တွင်းစစ်တို့ကို ကြုံတွေ့ဖြတ်သန်းလာခဲ့ရသည်။

လွတ်လပ်ရေးရပြီးခေတ်တွင် အာဏာရှင်ဆန်သော စစ်ခေါင်းဆောင်ဟောင်း ဒေဆီဘူတာ့စ်၏နိုင်ငံရေးချုပ်ကိုင်မှုကို ကာလရှည်စွာခံခဲ့ရသည်။ ယခုတော့ အရပ်သား အုပ်ချုပ်မှုအောက်သို့ ပြန်လည်ရောက်ရှိနေပေသည်။

## စေခိုင်း

ဆူရီနမ်ကမ်းခြေကို ၁၄၉၈ခုနှစ်တွင် ခရစ္စတိုဖာကိုလံဘတ်ကစတင်တွေ့ရှိခဲ့သည်။ ၁၆၀၂ခုနှစ်တွင် ဒတ်ချ်တို့အခြေချလာသည်။ ၁၆၅၁ခုနှစ်တွင် ဗြိတိသျှစိုက်ပျိုးရေးသမားများနှင့် ၎င်းတို့၏ကျွန်များသည် ထိုနိုင်ငံ၌ ပထမဆုံး ဥရောပရပ်ကွက် ထူထောင်နေထိုင်သည်။ ၁၆၆၇ခုနှစ်တွင် ဗြိတိန်က ဤနိုင်ငံ၏အစိတ်အပိုင်းအချို့ကို နယ်သာလန်နိုင်ငံသို့ ထိုးအပ်လိုက်ရသည်။ ၁၆၈၂ခုနှစ်တွင် ကော်ဖီနှင့်ကြံစိုက်ပျိုးရေး စတင်လုပ်ကိုင်သည်။ အာဖရိကကျွန်များကို စေခိုင်းသည်။

၁၉၁၆ခုနှစ်တွင် အမေရိကအလူမီနီယံကုမ္ပဏီ(အယ်ကိုဘော)က ဘောက်ဆိုက်သတ္တု တူးဖော်ရေးလုပ်ငန်းစတင်သည်။ ထိုလုပ်ငန်းသည် ဤနိုင်ငံ၏အဓိကပို့ကုန်လုပ်ငန်းအဖြစ် တစ်စတစ်စကြီးထွားလာသည်။ ၁၉၅၄ခုနှစ်တွင် ဤနိုင်ငံမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရလာသည်။ သို့သော် ကာကွယ်ရေးနှင့် နိုင်ငံခြားဆက်ဆံရေးကို နယ်သာလန်နိုင်ငံက ထိန်းထားသည်။

## အရေးယူ

၁၉၇၅ခုနှစ်တွင် လွတ်လပ်ရေးရသည်။ ဂျိုမန်ဖာရီးယားက သမ္မတဖြစ်လာပြီး ဆူရီနမ်အမျိုးသားရေးပါတီ (အင်န်ပီအက်စ်)မှ ဟင်အာရွန်က ဝန်ကြီးချုပ်ဖြစ်လာသည်။ ပြည်သူသုံးပုံတစ်ပုံကျော်တို့ ထိုနှစ်တွင် နယ်သာလန်နိုင်ငံသို့ထွက်ခွာသွားကြသည်။ ၁၉၈၀ ခုနှစ်တွင် အာရွန်အစိုးရကို စစ်တပ်ကအာဏာသိမ်းသည်။ သို့သော် သမ္မတဖာရီးယားက စစ်အစိုးရကိုအသိအမှတ်မပြုပေ။ အမျိုးသားရေးရီပတ်ဘလီကင်ပါတီ (ပီအင်န်အာရ်)မှ ချင်အေဆင်အား အရပ်သားအစိုးရကိုခေါင်းဆောင်ရန် သမ္မတဖာရီးယားကခန့်အပ်သည်။ စစ်တပ်ကသမ္မတဖာရီးယားအားဖယ်ရှားပြီး ချင်အေဆင်ကိုအစားထိုးလိုက်သည်။ ၁၉၈၂ခုနှစ်တွင် ဗိုလ်မှူးကြီးဒေဆီဘူတာ့စ် ဦးဆောင်သည့်စစ်တပ်က အာဏာသိမ်းပြီး တော်လှန်ရေးပြည်သူ့တပ်ဦးကိုထူထောင်သည်။ အတိုက်အခံ ၁၅ဦးတို့က အာဏာသိမ်းရန် ကြိုးပမ်းသည်ဟုဆိုကာ စွဲချက်တင်ပြီးနောက် ၎င်းတို့၁၅ဦးကို ကွပ်မျက်ပစ်လိုက်သည်။ နယ်သာလန်နှင့်အမေရိကန်တို့က စီးပွားရေးကူညီမှုဖြတ်တောက်ကာ အရေးယူလိုက်သည်။ ၁၉၈၅ခုနှစ်တွင် နိုင်ငံရေးပါတီများတားမြစ်မှုကို ရုပ်သိမ်းပေးသည်။

## ရွေးချယ်

၁၉၈၈ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဟောင်း ရှန်ကာသမ္မတဖြစ်လာသည်။ ၁၉၈၉ခုနှစ်တွင် သမ္မတရှန်ကာနှင့် အက်စ်အယ်အေတို့ ရရှိသည့် ငြိမ်းချမ်းရေးသဘောတူညီချက်ကို ဘူတာ့စ်ကပယ်ချလိုက်ပြီး ဆက်လက်တိုက်ခိုက်ရန် ဆုံးဖြတ်သည်။ ၁၉၉၀ခုနှစ်တွင် ဘူတာ့စ်ကြိုးကိုင်သည့် စစ်ဘက်အာဏာသိမ်းမှုဖြစ်ပြီး သမ္မတရှန်ကာကို ဖယ်ရှားသည်။ ၁၉၉၁ခုနှစ်တွင် အင်န်ပီအက်စ်မှ ဂျူဟန်ကရား ယာယီသမ္မတဖြစ်လာသည်။ ထိုနှစ်ရွေးကောက်ပွဲတွင် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးရေးတပ်ဦးက အနိုင်ရပြီး ရော်နယ်ဗီနီရှန်းအား သမ္မတအဖြစ်ရွေးချယ်သည်။ ၁၉၉၂ခုနှစ်တွင် အက်စ်အယ်လ်အေနှင့် ငြိမ်းချမ်းရေးသဘောတူညီမှုရသည်။ ၁၉၉၆ခုနှစ်တွင် ဘူတာ့စ်၏ မဟာမိတ်ဂျူးလက်စီဒင်တော့ သမ္မတအဖြစ် အရွေးခံရသည်။ ၂၀၀၀ပြည့်နှစ် ရွေးကောက်ပွဲတွင် ရော်နယ်ဗီနီရှန်းသမ္မတဖြစ်လာသည်။ ၂၀၀၅ခုနှစ် ဩဂုတ်လရွေးကောက်ပွဲ၌လည်း ရော်နယ်ဗီနီရှန်းကိုပင် ထပ်မံရွေးချယ်ခဲ့သည်။

## ဖွဲ့စည်း

ဤနိုင်ငံသည် လူမျိုးပေါင်းစုံမှီတင်းနေထိုင်သည့် နိုင်ငံဖြစ်သည်။ အထူးသဖြင့် အာဖရိကကျွန်းများမှ ဆင်းသက်သူများနှင့်တကွ အိန္ဒိယ၊ ဂျာဗားမှ စာချုပ်ဖြင့် လာရောက်အလုပ်လုပ်ကိုင်သူများထံမှ ဆင်းသက်ပေါက်ဖွားလာသူများက အများစုဖြစ်သည်။ နိုင်ငံရေးပါတီများမှာလည်း လူမျိုးရေးကိုအခြေခံ၍ ဖွဲ့စည်းထားသည်ကို တွေ့ရသည်။

ဆူရီနမ်နိုင်ငံသည် ကမ်းလွန်ဒေသတွင် ရေနံထွက်ရှိသည့်အတွက် အနာဂတ်တွင် ပိုမိုအလားအလာကောင်းသည့်လက္ခဏာအဖြစ် မိုးသစ်တောများ၊ တောရိုင်းတိရစ္ဆာန်မျိုးစိတ်အများအပြားကိုအခြေခံသည့် ခရီးသွားလုပ်ငန်းက ထောက်ခံအတည်ပြုလျက်ရှိသည်။ ဆူရီနမ်ပြည်သူတို့၏ လူနေမှုအဆင့် ပိုမိုမြင့်လာမည့် အရိပ်လက္ခဏာလည်း ဖြစ်ပါသည်။ ။

**ကိုးကား-အင်တာနက်**

**တိုး-ရေးသားသည်**

# ဘဝအမောပြေ

## နှစ်(၆၀)အတွေး . . . .

အသက် (၈၀) အရွယ် ဇနီးမောင်နှံနှစ်ဦးတို့သည် သူတို့၏ နှစ်(၆၀)ပြည့် လက်ထပ်မင်္ဂလာ နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် အထူးညစာကို ပြင်ဆင်ကာ စားသုံးရန် စားပွဲ၌ထိုင်ကြပြီး အောက်မေ့ဖွယ်စကားများပြောကြလေသည်-

**ဇနီးသည်** ။ ။ စပြီးလက်ထပ်ခဲ့တဲ့နေ့ကို သတိရလိုက်တာနော်…

**ခင်ပွန်း** ။ ။ အင်း…ဟုတ်တယ်။

**ဇနီးသည်** ။ ။ အဲဒီနေ့က သတို့သားဝတ်စုံနဲ့ ရှင်သိပ်လိုက်ဖက်တာ… မျက်စိထဲ မြင်ယောင်နေမိတယ်…

**ခင်ပွန်း** ။ ။ အသက်ငယ်သေးတာကိုး…

**ဇနီးသည်** ။ ။ အဲဒီနေ့က ကျွန်မရော လှရဲ့လား…

**ခင်ပွန်း** ။ ။ အင်း… လှတာပေါ့။

**ဇနီးသည်** ။ ။ မင်္ဂလာပွဲကိုလာတဲ့ ပရိသတ်တွေလည်း အများကြီးနော်… ကျွန်မဖြင့် ပျော်လိုက်တာ…

**ခင်ပွန်း** ။ ။ အင်း…

**ဇနီးသည်** ။ ။ စကားနည်းလိုက်တာ… ဘာတွေတွေးပြီးနေတာလဲ ပြောပါဦး။

**ခင်ပွန်း** ။ ။ ဩော်… ဘယ်လိုစိတ်ကူးနဲ့များ မင်းကိုလက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တယ်ဆိုတာ ပြန်စဉ်းစားနေလို့…

**ဇနီးသည်** ။ ။ **'ဘာ'**

# ဘဝဒဿန

- **The best way to get favors is to start handing out favors.**
  အကူအညီများကိုရရှိနိုင်သည့် အကောင်းဆုံးနည်းလမ်းမှာ မိမိကစတင်၍ ကူညီခြင်းပင်ဖြစ်သည်။

- **Speak gently and you will not need to weigh your words so carefully.**
  စကားကို နူးညံ့သိမ်မွေ့စွာ ပြောဆိုမည်ဆိုပါက သင့်စကားလုံးများကို သတိထားပြီး ချိန်ဆနေရန် လိုအပ်လိမ့်မည်မဟုတ်ပါ။

**နပိုလီယံဟီးလ်**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

စုစည်းတင်ပြသူ- မောင်မောင်မြင့်ဆွေ

စာမျက်နှာဖွဲ့စည်းမှု- ကျင်သန်းဦး

## ဒေါ်လာ သုံးသန်းကျော်တန် ဒင်္ဂါး

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် အော်လန်ဒိုမြို့၌ ဇန်နဝါရီ ၇ရက်က ကျင်းပသော ရှားပါးပစ္စည်းများလေလံတင်ရောင်းချပွဲတွင် ၁၉၁၃ခုနှစ်က ထုတ်လုပ်ထားသည့် အမေရိကန် လေဘာတီဦးခေါင်းဒီဇိုင်းပုံပါ ဒင်္ဂါးပြားတစ်ပြားကို တန်ဖိုး အမေရိကန်ဒေါ်လာ ၃၇၃၇၅၀ခန့် သတ်မှတ်ကာ လေလံတင်ပြသခဲ့သည်။ **(အပေါ်ပုံ)**

ယင်းဒင်္ဂါးပြားသည် ထုတ်လုပ်ခုနှစ်နှင့် ဒီဇိုင်းတူဒင်္ဂါးပြားမှာ စုစုပေါင်းငါးပြားသာ ထုတ်လုပ်ခဲ့ကြောင်း ဖော်ပြသည်။

**(အင်တာနက်)**

## နို့ဘူးစို့သော ငါးလေးများ

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွမ်စီကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့ရှိ ပြည်သူ့ဥယျာဉ်အတွင်း မွေးမြူထားသည့် ငါးလေးများမှာ နို့ဘူးစို့တတ်ကြသည်ဟု ဆင်ဟွာက ဖော်ပြသည်။ ယင်းငါးလေးများမှာ ဂျပန်ငါးကြင်းမျိုးနှင့် အမေဇုန်ငါးမျိုးစိတ်နှစ်မျိုးကို မျိုးစပ်ကာ သားဖောက်ထားခြင်းဖြစ်သည်။ မျိုးစပ်ထားသည့် ငါးလေးများမှာ ယခုအခါ နှစ်နှစ်သားခန့်ရှိပြီဖြစ်၍ နို့ဘူးမှနို့များကို စို့တတ်ရန်အတွက် တစ်နှစ်နီးပါး လေ့ကျင့်သင်ကြားခဲ့ရကြောင်း သိရသည်။ (ယာပုံ)

(အင်တာနက်)

## ပါးစပ်အကြီးဆုံးနှင့် အလေးချိန်အများဆုံး ကကတစ်ငါး

ဂျပန်နိုင်ငံ၏ အကြီးဆုံးရေအိုင်ဖြစ်သည့် ဘီဝါရေအိုင်ကြီးမှ ဖမ်းမိသော ကကတစ်ငါးတစ်ကောင်သည် အလေးချိန် ၂၂ပေါင် ၄အောင်စရှိသည့်အပြင် အလွန်ကြီးမားသော ပါးစပ်ပါရှိသည့် ကကတစ်ငါးမျိုးဖြစ်ရာ ကမ္ဘာ့အကြီးဆုံး ကကတစ်ငါးအဖြစ် ဇန်နဝါရီ ၉ရက်၌ မှတ်တမ်းတင်ဖော်ပြခြင်း ခံရသည်။ **(ဝဲပုံ)**

### စောင့်ဆိုင်း

ယင်းငါးကို ဖမ်းမိရန် အချိန်ခြောက်လခန့် စောင့်ဆိုင်းခဲ့ရသည်။

**(အင်တာနက်)**

## နေပြည်တော် သာဝတ္တိ အထက ကျောင်းသား ကျောင်းသူဟောင်းများ၏
# တတိယအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲ ဖိတ်ကြားလွှာ

နေပြည်တော် သာဝတ္တိအထကတွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာ ဆရာမ ၈၄ဦးအား တတိယအကြိမ်အဖြစ် ကျောင်းသား ကျောင်းသူဟောင်းများမှ ကန်တော့မည်ဖြစ်ပါသဖြင့် ကန်တော့ခံဆရာ ဆရာမများကိုယ်တိုင် ကြွရောက်ကြပါရန်နှင့် ကျောင်းသားဟောင်းများအားလုံး အောက်ပါအစီအစဉ်အတိုင်း တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၃၀-၁-၂၀၁၀ ရက် (စနေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ
**ကျင်းပမည့်နေရာ** - နေပြည်တော် သာဝတ္တိ အထက

အောက်ပါမြတ်ဆရာပူဇော်ကန်တော့ပွဲ ဖြစ်မြောက်ရေးအဖွဲ့ဝင်များထံ ဆက်သွယ်လှူဒါန်းကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၁။ သာဝတ္တိ - ကိုဇော်မင်းနိုင် (ဝိုင်းကဖေး) ဖုန်း-၀၆၇-၆၅၀၁၅၊
- ကိုသက်ခိုင် (ခိုင်သဇင်) ဖုန်း-၀၆၇-၆၅၀၅၆၊
- ဒေါက်တာသန်းဇော်ဝင်း (ဇကရာဇ်ဆေးခန်း) ဖုန်း-၀၆၇-၆၅၁၆၄၊
- မဝင်းဝင်းသွယ် (မုန့်ဆိုင်) ဖုန်း-၀၆၇-၆၅၀၄၇။

၂။ အေလာ - ကိုဇော်အောင် (သတင်းထောက်) ဖုန်း-၀၆၇-၆၀၀၀၃၊ ၂၁၉၉၇။
၃။ ရန်ကုန် - ကိုဆန်းဝင်း ဖုန်း-၀၉-၅၁၃၈၃၃၂။
၄။ မန္တလေး - မခင်လှဝင်း ဖုန်း-၀၉-၆၈၀၁၀၉၄။


## ပိုင်ရှင်ကိုယ်တိုင် ညှိနှိုင်းဈေး

ကမာရွတ်၊ မြကန်သာတိုက်ခန်း၊ (၂၅×၃၅)ပေ၊ သုံးလွှာ (ကားပါကင်နေရာကျယ်) ရောင်းမည်။

ဖုန်း-၀၉-၅၂၁၅၂၇၉။


## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း၊ အမှတ် (၁၂) ရှိ နှစ်ခန်းတွဲ ရှစ်ထပ်တိုက်မှ ခုနစ်လွှာ(ဝဲ)ဘက်ခြမ်း တစ်ခန်း၊ အကျယ်(၂၅×၈၀)ပေ၊ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ယုမွန်သွယ် ၁၂/သလန(နိုင်)၀၉၇၄၂၉ ထံမှ ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ကန့်ကွက်လွှာကို လက်ခံမည်မဟုတ်ပါ။ အရောင်းအဝယ်ကိုဆက်လက်ပြီး အပြီးတိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းကြွယ်(ဝါးခယ်မ)**
**အထက်တန်းရှေ့နေ**

**ရုံးအမှတ်(၅၀)၊ မြေညီထပ်၊ အခန်း(၂)၊ ဘဏ်လမ်း၊ စုပေါင်းရုံးရှေ့၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**အိမ်အမှတ် (၂၉)၊ ကြံခင်းလမ်း၊ လင်းလွန်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၈၅၃၇၀၉၂။**

## သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏
# (၅၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ဆဋ္ဌသင်္ဂါယနာ ကမ္ဘာအေးကုန်းမြေ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနီယ ပွဲတော်ကြီးကို (၅၉)ကြိမ်မြောက်အဖြစ် (၁၃၇၁ခုနှစ် တပို့တွဲလဆန်း ၁၀ရက်မှ တပို့တွဲလဆန်း ၁၄ရက်အထိ) ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၄ရက်မှ ၂၈ရက်အထိ ငါးရက်တိုင်တိုင် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ပါသည်။

အဆိုပါပွဲတော်ကြီး၏ (တပို့တွဲလဆန်း ၁၀ရက်) ဇန်နဝါရီ ၂၄ရက် (တနင်္ဂနွေနေ့)မှ (တပို့တွဲလဆန်း ၁၄ရက်) ဇန်နဝါရီ ၂၈ရက်(ကြာသပတေးနေ့) အထိ ငါးရက်တိုင်တိုင် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်း၊ (တပို့တွဲလဆန်း ၁၁ရက်) ဇန်နဝါရီ ၂၅ရက်တွင် ရန်ကုန်တိုင်း ရွှေမြင့်မိုရ်အငြိမ့်၊ (တပို့တွဲလဆန်း ၁၂ရက်၊ ၁၃ရက်) ဇန်နဝါရီ ၂၆ရက်၊ ၂၇ရက် ညများတွင် ခြင်းပညာရှင်များ၏ မြန်မာ့ရိုးရာ ခြင်းအလှခတ်ခြင်း၊ (တပို့တွဲလဆန်း ၁၄ရက်) ဇန်နဝါရီ ၂၈ရက် (ကြာသပတေးနေ့) နံနက် ၈နာရီတွင် စေတီတော်ကြီး ရင်ပြင်တော်၌ နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ဩဝါဒါစရိယဆရာတော်ကြီးများ ဦးဆောင်၍ ပင့်သံဃာ ၁၀၈ပါး၊ သီလရှင် ၃၁ပါးတို့အား ဆွမ်းဆန်စိမ်း လောင်းလှူပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

**သီရိမင်္ဂလာကမ္ဘာအေးစေတီ**
**ဂေါပကအဖွဲ့။**

### ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၅၁၄၆၅ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဌေးဝင်း ၈/ထလန(နိုင်)၀၀၁၉၇၂ က စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (ခရိုင်ရုံး)၊ ကလေးမြို့။**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ်၇၂၀၊ ဦးပိုင်အမှတ်(၆၇-က)/၂၈ လမ်း×၂၉ လမ်း၊ ၇၃ လမ်း×၇၄ လမ်းကြား၊ ဒေါ်စာ အမည်ပေါက်မြေကွက်အား ဒေါ်နန်းရွှေနု ၉/မရမ(နိုင်)၀၇၂၁၁၇ ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ သက်တမ်းတိုး၊ အမည်ပြောင်း၊ ဂရန်ပျောက်၊ အမှုတွဲဖွင့်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး**
**ကော်မတီ။**

### ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ည/၃၃၀၅ Datsun 1500 P/U (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးမြသန်း ၁၄/ဟသတ(နိုင်)၀၆၁၁၅၃က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (အရှေ့ပိုင်းခရိုင်ရုံး)၊ ရန်ကုန်မြို့။**

### အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း
# အကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**
**မန္တလေးခရိုင်တရားမရုံး၌**
**၂၀၀၉ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၈၀**
**ကွယ်လွန်သူ ဒေါ်ဇာဇာဝင်းထွေး၏ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။**

ကမ္ဘောဇဘဏ်လီမိတက်၊ မန္တလေးဘဏ်ခွဲ(၁)၊ ငွေစာရင်းအမှတ်-၀၀၃-၁၂၁၀၀၂၃၆၂၈ ဖြင့် စုဆောင်းငွေ ၇၀၀၀၅၇၀ကျပ် ၇၄ပြားအတွက်

မဖြူဖြူဝင်းထွေး **လျှောက်သူ**

မန္တလေးမြို့ လမ်း၃၀×၆၅လမ်းထောင့်နေ မဖြူဖြူဝင်းထွေးက ကွယ်လွန်သူ ဒေါ်ဇာဇာဝင်းထွေး၏ ညီမတော်စပ်သည်ဖြစ်သည်ဟူ၍ မန္တလေးမြို့နေ ၄င်းကွယ်လွန်သူ ဒေါ်ဇာဇာဝင်းထွေးမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်းကွယ်လွန်သူ ဒေါ်ဇာဇာဝင်းထွေး၏ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၉ရက် (၁၃၇၁ခုနှစ် တပို့တွဲလဆန်း ၅ရက်)တွင် လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်ထားသူ မဖြူဖြူဝင်းထွေး၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၉ခုနှစ် ဒီဇင်ဘာ ၃၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**မိုးမြင့်**
**ခရိုင်တရားသူကြီး။**

တရားမပုံစံအမှတ်-၃၃

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)**
**ဗဟန်းမြို့နယ်တရားမရုံး၌**
**၂၀၁၀ ခုနှစ် တရားမကြီးမှုအမှတ်-၁**

မစုစုမာ နှင့် မောင်မြတ်ဝင်း
**တရားလို** **တရားခံ**

အမှတ် ၁၄၊အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေ မောင်မြတ်ဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မစုစုမာက လင်မယားကွာရှင်းပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၉ရက် (၁၃၇၁ ခုနှစ် တပို့တွဲလပြည့်နေ့) မွန်းမတည့်မီ ၁၁နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဦးအောင်အောင်**
**ဒုတိယမြို့နယ်တရားသူကြီး၊**
**ဗဟန်းမြို့နယ်တရားရုံး။**

တောင်ငူခရိုင် ထန်းတပင်မြို့နယ် အင်းယားကြီးကျေးရွာနေပြည်သူများအတွက် ဆေးပစ္စည်းနှင့်ကျောင်းသုံးပစ္စည်းများပေးအပ်ပွဲကို အမကကျောင်း၌ကျင်းပရာ ရန်ကုန်မြို့နေ အလှူရှင် ဦးဇော်ဝင်းသန်း-ဒေါ်ကြည်ကြည်ညွန့်၊ သားမောင်မင်းခန့်မောင်မောင်တို့ ဒီဇင်ဘာ ၂၆ရက်က ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

# ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေရေး
# သံဖြူဇရပ်၌ ညှိနှိုင်းအစည်းအဝေးကျင်းပ

**သံဖြူဇရပ် ဇန်နဝါရီ ၁၂**

ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေရေးလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို သံဖြူဇရပ်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် ဒီဇင်ဘာ ၂၅ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်၊ မော်လမြိုင်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းရီနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် ကြက်စာနှင့် ဆေးရောင်းဝယ်သူများ တက်ရောက်ကြသည်။

### ရှင်းလင်းဆွေးနွေး

ညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်ဥက္ကဋ္ဌက ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေရေးလုပ်ငန်း ရည်ရွယ်ချက်ကိုပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းရီက ရောဂါရှာဖွေရေးလုပ်ငန်းအစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ သံဖြူဇရပ်မြို့နယ်အတွင်း ဘဲမွေးမြူရေးခြံ ၁၀ခြံမှ ဘဲများအား သွေးရည်ကြည်ဖောက်ခြင်း၊ နှာခေါင်းတို့ ဖတ်နမူနာယူခြင်းလုပ်ငန်းကို တာဝန်ရှိသူများက ဒီဇင်ဘာ ၂၄ရက်နှင့် ၂၅ရက်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

၂၀၀၉ခုနှစ် (၄၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁ရက်က ကျုံးကြီးလမ်း အမျိုးသားကြက်တောင်အားကစားခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသမီး တံခွန်စိုက်ဆုနှင့် အမျိုးသား တံခွန်စိုက်ဆုရရှိသော ရန်ကုန်တိုင်းအသင်းအား တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းများ ချီးမြှင့်ပေးအပ်စဉ်။ (ကြက်တောင်ရိုက်အဖွဲ့ချုပ်)

## ပညာရည်ချွန်ဆု

အင်းစိန်မြို့နယ် အမှတ်(၈)အခြေခံပညာအလယ်တန်းကျောင်း၏ ပညာရေးစုံညီပွဲတော်နှင့် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေး ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ရက်က အဆိုပါကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီးဦးမြသိန်းက ပဉ္စမတန်းမှ ပထမဆုရ မချမ်းမြေ့ကြည်ဖြူအား ဆုချီးမြှင့်စဉ်။ (၁၂၇)

မြောက်ဥက္ကလာပမြို့နယ် အမက (၈)၏ ပညာရေးစုံညီပွဲတော်တွင် ဒုတိယအကြိမ်မြောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌဖလား မြို့နယ်ပညာရေးဇုန် အုပ်စု(၅)အတွင်းရှိ အမက ကျောင်းပေါင်းစုံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ ဂိုးသွင်းအများဆုံးဆုရရှိသူ အမက(၃၂)မှ မောင်သကြ်န်မိုးအား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဘတင့်ဆွေက ဆုချီးမြှင့်စဉ်။ (၁၁၈)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

## ဇန်နဝါရီ ၁၅ရက်(ယနေ့)၌ နေကြတ်မည် နိုင်ငံအများအပြားနှင့် မြန်မာ-တရုတ်နယ်စပ်မှ မြင်တွေ့ရနိုင်

အာကာသသိပ္ပံ သတင်းမှတ်စု - မိုးမြင့်လင်းလက်

*မာလီ ဇန်နဝါရီ ၁၄*

*၂၀၁၀ခုနှစ်၌ ပထမဆုံးနေကြတ်ခြင်းကို ဇန်နဝါရီ ၁၅ရက် (ယနေ့) တွင် ကမ္ဘာ့ပြည်သူများ မြင်တွေ့ကြရမည်ဖြစ်သည်။ ပထမဆုံး စတင် မြင်တွေ့ရမည့်နိုင်ငံမှာ အာဖရိကအလယ်ပိုင်းရှိ မော်လဒိုက်သမ္မတနိုင်ငံ ဖြစ်ပြီး မြို့တော်မာလီနေ ပြည်သူများက ဒေသစံတော်ချိန် မွန်းလွဲ ၁၂နာရီ ၁၂မိနစ် စက္ကန့်၂၀၌ စတင် မြင်တွေ့ကြရမည် ဖြစ်သည်။*

*စာမျက်နှာ ၉ ကော်လံ ၆* ■

## ပခုက္ကူမြို့မှာ အပန်းဖြေစရာ မြကန်သာ

နေပြည်တော် ဇန်နဝါရီ ၁၄

ပန်းခြံ၊ ပန်းဥယျာဉ်၊ အပန်းဖြေဥယျာဉ် အမည်အမျိုးမျိုး ခေါ်တွင်ကြသည်။ ပန်းခြံသည် အငယ်စား၊ ပန်းဥယျာဉ်သည် အသင့်အတင့်အလတ်စား၊ အပန်းဖြေဥယျာဉ်သည် ကျယ်ဝန်းကျယ်ပြန့်သော အကြီးစား ဤသို့ပင် မှတ်ယူထားခဲ့ကြသည်။ မြို့တစ်မြို့ အဆင့်ရှိလျှင် အနည်းဆုံး ပန်းခြံတစ်ခြံတော့ရှိသည်။ သို့မှသာ မြို့အင်္ဂါရပ်နှင့် ပြည့်စုံမည်ဖြစ်သည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❒

စည်းလုံးခြင်းသည်အင်အား ရုပ်တုကြီးကလည်း ပခုက္ကူမြို့ မြကန်သာအပန်းဖြေဥယျာဉ်အလယ်မှာ ဤကဲ့သို့ နေရာယူထားသည်။
ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်)

**တိမ် အသင့်အတင့်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း
အောင်သန်း (မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

15-1 (20).pmd 1 1/15/2010, 1:42 AM